# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် မိမိတို့ ရိုးရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမများကို မြတ်နိုးခုံမင်စွာ လေ့လာလိုက်စားပြီး အနာဂတ်ကာလများတိုင် ပခုံးပြောင်းလက်ဆင့်ကမ်း သယ်ဆောင်သွားလိုစိတ်များ ကိန်းအောင်းရှင်သန်စေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်

နေပြည်တော် စက်တင်ဘာ ၂၀

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပရာ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ်စရာ

**ချစ်ကြည်ရင်းနှီးမှုမှသည် ပန်းတိုင်ဆီသို့**
ဆောင်းပါး | စာ - ၆

**မြိုးခြံချွေတာ စိတ်ချမ်းသာ**
ဆောင်းပါး | စာ - ၂၀

**KNU/KNLA(PC)၊ DKBA တပ်ဖွဲ့ဝင်နှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များ ထောက်ပံ့**
ပြည်တွင်းသတင်း | စာ - ၁၁



**ဂျပန်လေတပ် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဂျာမန်လေတပ်နှင့် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်မည်**
နိုင်ငံတကာသတင်း | စာ - ၁၃

## နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံ အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လို

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်အနီး မကြာမီက ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြောကြားခဲ့ရာ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား စက်တင်ဘာ ၁၉ ရက်တွင် ခေါ်ယူတွေ့ဆုံကာ ဖြစ်စဉ်ပကတိအခြေအနေမှန်ကို ရှင်းလင်းပြောကြား တုံ့ပြန်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် AA လက်နက်ကိုင်အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့ ပူးပေါင်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင် BP- ၃၁ အနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်ပြိုဝဲရဲကင်းစခန်းအား မော်တာကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ အဆိုပါမော်တာကျည် သုံးလုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခြင်း၊ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နယ်နိမိတ်မှတ်တိုင် BP- ၃၄ အနီး တောင်ပြိုယာရဲကင်းစခန်းကို မော်တာကျည်များဖြင့် တိုက်ခိုက်ခဲ့ရာတွင် မော်တာကျည် ကိုးလုံး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ကျရောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ စင်စစ် ယင်းဖြစ်စဉ်များသည် လက်နက်ကိုင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းတို့၏ ကြိုတင်ကြံစည်မှုပင်ဖြစ်ပြီး ရည်ရွယ်ချက်မှာ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး ပျက်ပြားစေရန်အတွက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ နှစ်နိုင်ငံ နယ်နိမိတ်တို့၏ သဘောအရ လူဝင်လူထွက်ကိစ္စ၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုရောင်းဝယ်သည့်ကိစ္စ၊ လူကုန်ကူးသည့်ကိစ္စစသည်တို့အပါအဝင် နယ်စပ်ဖြတ်ကျော် အမှုအခင်းများ ဖြစ်ပေါ်လေ့ရှိသည်။ လက်နက်ကိုင်အဖွဲ့အစည်းများ တည်ရှိနေသည့် နယ်စပ်ဒေသများတွင် တိုက်ခိုက်မှုများအတွင်း တစ်ခါတစ်ရံ နယ်နိမိတ်ကျော်လွန်၍ ကျည်ကျသည့် ဖြစ်စဉ်မျိုးလည်း ဖြစ်ပေါ်လေ့ရှိတတ်သည်။ မြန်မာနိုင်ငံသည် နှစ်နိုင်ငံ နယ်နိမိတ်များအနီး လုံခြုံရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်ရာတွင် နှစ်နိုင်ငံသဘောတူညီချက်များနှင့် နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာပြီး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်မြဲဖြစ်သည်။ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့မှုကိုလည်း လေးစားသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုကို အလေးထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မော်တာကျည်များ ကျရောက်ခဲ့သည့်ဖြစ်စဉ်သည် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးမှု ဖြစ်သကဲ့သို့ နှစ်နိုင်ငံနယ်စပ်အနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့၏ ခြေကုပ်စခန်းများ တည်ရှိနေမှုကလည်း နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်မည့် အခြေခံအကျဆုံးအကြောင်းအရာ တစ်ရပ်ပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မိမိပိုင်နက် နယ်မြေအတွင်း AA အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့၏ ခြေကုပ်စခန်းများ တည်ရှိနေမှုကို နှစ်နိုင်ငံနယ်စပ် တည်ငြိမ်အေးချမ်းရေးအတွက် ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်ရန်လည်း လိုအပ်မည်ဖြစ်သည်။

နှစ်နိုင်ငံ နယ်စပ်ဒေသများသည် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ရှိသည်နှင့်အမျှ နှစ်နိုင်ငံ ပြည်သူများ အပြန်အလှန် ကူးသန်းသွားလာမှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုများဖြင့် နှစ်ဖက်စလုံးကို အကျိုးစီးပွား ဖြစ်ထွန်းစေမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် နယ်စပ်ဒေသများ တည်ငြိမ်မှုကင်းမဲ့ပါက သက်ဆိုင်ရာနိုင်ငံတို့မှ ပြည်သူများ၏ အကျိုးစီးပွားများနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးတို့ကို ထိခိုက်စေမည်ဖြစ်ရာ သက်ဆိုင်ရာ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံစလုံးက ပူးပေါင်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။(ဓာတ်ပုံ)




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တော ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သာသနဟိတ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလိတ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ လေသာတိုက်သစ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာကုသိုလ်တော် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ အသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ နမ့်ခိုက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က) ပါ တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးစိုးသိန်း(သံလွင်ပုံနှိပ်တိုက်)၏ ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်နှင့် ရေးသားထုတ်ဝေဖော်ပြခဲ့သည့် ဦးလှသိန်း (ဉာဏ်ပညာအလင်းစာပေ)၏ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်တို့ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှစတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ရေးသားထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ဇီးကုန်းမြို့နယ်၌ ဆောင်းသီးနှံနေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဇီးကုန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် မိုးစပါးအတွက် ဓာတ်မြေဩဇာ ပေးအပ်ခြင်းနှင့် ဆောင်းသီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က မြို့နယ်အတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ဆီထွက် သီးနှံများအနက်မှ နေကြာသီးနှံအား သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရန်၊ လိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ ရရှိရေးနှင့် အထွက်နှုန်းတိုးစေရေးတို့ အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးက နေကြာစိုက်တောင်သူများအား လိုအပ်သော နေကြာမျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင် သတိပြုရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စံပြစိုက်ကွက်တောင်သူများနှင့် စိုက်ပျိုးရေးမျိုးသန့်သုံး စိုက်နည်းစနစ်မှန်ပျိုးထောင်စိုက် တောင်သူများကို ဓာတ်မြေဩဇာများနှင့် နေကြာစိုက်တောင်သူများအား စပ်မျိုးနေကြာမျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဇီးကုန်းမြို့နယ် အတွင်း ဆောင်းသီးနှံနေကြာအား သီးသန့်စိုက်ဧက ၂၆၉ ဧက၊ ပဲတီစိမ်း၊ မတ်ပဲ သီးနှံအကြား သီးညှပ်စိုက်ဧက ၂၈၂၄ ဧကလျာထား ဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လျင်မြန်စွာ ပြောင်းလဲတိုးတက်နေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက်ကမ္ဘာတွင် နည်းပညာများနှင့် ရုပ်ဝတ္ထုပစ္စည်းများအရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေကြောင်း၊ ထိုအရာများတွင် နယ်စည်းမခြားသော ပွင့်လင်းလွတ်လပ်မှုဆိုသည့် အယူအဆများနှင့်အတူ လူမှုကွန်ရက်ဆိုရှယ်မီဒီယာများသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ ထိုလူမှုကွန်ရက်များကို အသုံးပြု၍ ပညာရေးနှင့်ကျန်းမာရေးတို့တွင် ကောင်းသောအကျိုးကို ဆောင်ရွက်နိုင်သကဲ့သို့ မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးသာမက ယဉ်ကျေးမှုရေးရာ အခန်းကဏ္ဍများအထိ မှေးမှိန်သေးသိမ်အောင်၊ ညစ်နွမ်းအောင် ဝင်ရောက်ထိုးဖောက်မွှေနှောက်နိုင်သည့်အကြောင်းခြင်းရာများလည်း ရှိနေကြောင်း။

အထူးသဖြင့် နိုင်ငံ၏အနာဂတ်ကို လက်ဆင့်ကမ်းပခုံးပြောင်းသယ်ဆောင်ကြမည့် ဖြူစင်ရိုးဖြောင့်တက်ကြွစွာ ဆန်းသစ်တီထွင်လိုစိတ်နှင့် စွန့်စားလိုစိတ်ကြီးမားလွန်းကြသည့် မျိုးဆက်သစ်လူငယ်များအတွက် အဆိုပါလူမှုကွန်ရက်များကပင် မိမိတို့နိုင်ငံ၏ ရေမြေဒေသ သဘာဝလူမှုဘဝ ပကတိအခြေအနေနှင့်ဆက်စပ်မှုမရှိသော ဆန့်ကျင်ဘက်ဖြစ်သည့် အစွန်းရောက်အတွေးအခေါ်အမူအကျင့်များကို အနုပညာဆိုသည့် လူငယ် လူရွယ်အကြိုက်မျက်နှာဖုံးတပ်၍ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ချီးမြှင့်မည့် ဆုများအား ကြည့်ရှုစစ်ဆေးစဉ်။

အနုသုခုမပညာရပ်သည် နက်နဲသိမ်မွေ့သည့် ပညာရပ်ဖြစ်ကြောင်း၊ စိတ်ခံစားမှုကို နှိုးဆွလှုပ်ရှားမိုးနိုင်စွမ်းလည်းကြီးမားကြောင်း၊ ရိုင်းသည်ကို ယဉ်အောင်၊ ယဉ်သည်ကို ရိုင်းအောင်လည်းပြုနိုင်စွမ်းရှိကြောင်း၊ အဖြူကို အမည်း၊ အမည်းကို အဖြူဖြစ်အောင် ပြောင်းလဲနိုင်စွမ်းလည်း ကြီးမားကြောင်း။

**အလေးအနက်ထားကြိုးပမ်းဆောင်ရွက်**

ထို့ကြောင့် ထိရောက်မှုစွမ်းအား ကြီးမားထက်မြက်သည့် အနုသုခုမ ပညာရပ်များမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ပြန်လည်ကျင်းပနိုင်ရေးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တာဝန်ရှိသူ တာဝန်သိသူများအနေဖြင့် ဘက်ပေါင်းစုံရှုထောင့်ပေါင်းစုံမှ အလေးအနက်ထားကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ဩဂုတ်လက ကျင်းပခဲ့သည့် ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှတာဝန်ရှိသူများ၊ ဘာသာရပ်အလိုက် တာဝန်ယူအကဲဖြတ်ကြမည့် အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုတက်ရောက်လာသူများက (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဆွေးနွေးပြောကြား အဆုံးအဖြတ်အချို့ကို ရယူခဲ့ကြပြီး ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအနက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းကိစ္စရပ်များကို အပြီးသတ်တင်ပြသွားကြရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနေသည်ကို ရုပ်မြင်သံကြားနှင့်သတင်းစာများတွင် ထည့်သွင်းဖော်ပြနေသည့်အတွက် အများပြည်သူများအကြား ပျံ့နှံ့သိရှိစိတ်ဝင်စားနေကြပြီဖြစ်ကြောင်း၊ ဗဟိုအဆင့် ပြိုင်ပွဲကျင်းပရန်အချိန်လည်း နီးကပ်လာခဲ့ပြီဖြစ်ကြောင်း။

❖ **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုဆောင်ရွက်သွားကြရမည်**

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သော လူမှုရေးဦးတည်ချက်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရန် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူလသတ်မှတ်လျာထားသည့် အချိန်ဇယားအတိုင်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပေးကြရန်နှင့် လုပ်ငန်းအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး အပြီးအပြတ် ဆုံးဖြတ်ချက်ချမှတ်ရမည့် ကိစ္စရပ်များကျန်ရှိပါက ဝိုင်းဝန်းဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပြိုင်ပွဲကျင်းပမည့် အစီအမံများနှင့်ဆုချီးမြှင့်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဒေါက်တာ ဌေးအောင်တို့က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍအလိုက်ရှင်းလင်း**

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားတွင် မိမိတို့ ရိုးရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမများကို မြတ်နိုးခုံမင်စွာလေ့လာလိုက်စားပြီး အနာဂတ်ကာလများတိုင် ပခုံးပြောင်းလက်ဆင့်ကမ်း သယ်ဆောင်သွားလိုစိတ်များ ကိန်းအောင်းရှင်သန်စေရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း အကျဉ်းထောင် / စခန်းများရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့်အတူ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ဒိုက်ဦးဗဟိုအကျဉ်းထောင်၊ ပဲခူးအချုပ်ထောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်၊ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်၊ တောင်ငူအကျဉ်းထောင်၊ ရမည်းသင်းအကျဉ်းထောင်နှင့် နေပြည်တော်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးစဉ် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

### အသေးစိတ်မှာကြား

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ချုပ်သစ်/ ကျသစ် လက်ခံရာတွင် ကိုဗစ်ရောဂါ ပိုး ရှိ/မရှိ စစ်ဆေးပြီး မရှိမှသာ လက်ခံရန်၊ လုံခြုံရေးစည်း ကျိုးပေါက်မှု မရှိစေရေး ၂၄ နာရီ ကင်းတာဝန်ချထားရန်၊ အကျဉ်းသား/အချုပ်သားများအတွက် ချက်ပြုတ်ကျွေးမွေးသည့် အစားအစာများကို သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ ပူပူနွေးနွေး စားသုံးနိုင်ရေး၊ စေတနာထား၍ ချက်ပြုတ်ကျွေးမွေးသကဲ့သို့ ၎င်းတို့အား တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ နေထိုင်စေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် အသေးစိတ်မှာကြားခဲ့သည်။

### ထောက်ပံ့ငွေများပေးအပ်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း အကျဉ်းထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏မိသားစုဝင်များနှင့် တွေ့ဆုံ၍ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

### အချိန်မီပြီးစီးအောင်ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးအချုပ်ထောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး အချုပ်ထောင်သစ်အား သတ်မှတ်ထားသည့် ကာလအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ ညောင်ခါးရှည် စစ်ဆေးရေးဂိတ်၌ တပ်ဆင်ထားရှိသော X-Ray စက်အားကြည့်ရှု၍ လုံခြုံရေးတာဝန်ယူ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးအသိ၊ သတိ၊ အမြင်များဖြင့် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိပြီး စခန်းရှိ Ever Green မြက်၊ တစ်သျှူးငှက်ပျောခွံစိမ်း၊ သီးမွှေးငှက်ပျောနှင့် ဒေသငှက်ပျော(ဖီးကြမ်း) စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ဥစားကြက်၊ နို့စားနွားနှင့် အသားတိုးနွား မွေးမြူထားရှိမှု အခြေအနေ၊ ရေသန့်စက်ရုံ၊ နို့ပေါင်းစက်ရုံနှင့် မြက်ဖျဉ်ထုံးစက်ရုံ လည်ပတ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၏ ထွက်ကုန်အရောင်းဆိုင်သို့ သွားရောက်၍ စခန်းမှ ထွက်ရှိလာသော အသီးအနှံ၊ ကြက်ဥ၊ နို့စိမ်း၊ နို့ပေါင်းနှင့် ဒိန်ချဉ်များ ရောင်းချနေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကျဉ်းသားများ၏ လုပ်အားကို အလဟဿ လေလွင့်ပြုန်းတီးမှု မရှိစေရေး၊ နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချနိုင်ရေး၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရေး၊ စားရိက္ခာဖူလုံစွာရရှိရေး၊ ဝင်ငွေရရှိစေရေးနှင့် ၎င်းတို့ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်ဖြင့် ယခုထက် ၃ ဆတိုးမြှင့်ဆောင်ရွက်ပြီး ထွက်ရှိလာသော အသားငါးများအား ၎င်းတို့ကိုယ်တိုင် ပြန်လည်စားသောက်စေရေး၊ ပိုလျှံသည့် အသားငါးများအား ဝန်ထမ်းနှင့် မိသားစုများအပြင် "လူထု၏ စားဝတ်နေရေး ဖူလုံစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ရှိ ပြည်သူလူထုများကိုပါ သက်သာသော ဈေးနှုန်းဖြင့် ဖူလုံပေါများစွာ ရောင်းချပေးနိုင်ရေးစသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

### ဆောင်ရွက်လျက်ရှိ

အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများနှင့် နေပြည်တော်ဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ထွက်ရှိလာသည့် အသီးအနှံနှင့် အသားငါးများကို အကျဉ်းသား/အချုပ်သားများ စားသုံးရန် အတွက်သာမက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ပတ်ဝန်းကျင်ရှိ ပြည်သူလူထုများပါ ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဥစားကြက်၊ နို့စားနွား၊ အသားတိုးနွား၊ အသားတိုးဝက်၊ အသားတိုးဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများကို စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

"AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ အဖွဲ့ဝင်အချို့ပါဝင်သည့် ကြားဖြတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)




အဆိုပါ အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၁) ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဦးတည်ဆောင်ရွက်

အစည်းအဝေး၌ ကမ္ဘောဒီးယားနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းနှင့် လုပ်အားပေးများ မြန်မာနိုင်ငံသို့ လာရောက်၍ ပူးတွဲကာကွယ်ဆေးထိုးနှံပေးရေးကိစ္စ၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံသို့ (AHA Centre) မှတစ်ဆင့် ပိုမိုကျယ်ပြန့်သော အကူအညီများ ပေးအပ်ရေးအတွက် လိုအပ်ချက်ဆန်းစစ်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ကိစ္စ စသည်တို့နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရန် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးရေးနှင့် အကူအညီများကို ဖြန့်ဖြူးရာတွင် ခွဲခြားမှုမရှိဘဲ အမှန်တကယ်လိုအပ်နေသည့် ပြည်သူများထံသို့ရောက်ရှိရေး ဦးတည်ဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်- တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေးညှိနှိုင်းအစည်းအဝေးနှင့် စက်မှုဝန်ကြီးဌာနရှိ အရာထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀၀ ကို ရန်ပုံငွေအဖြစ် ထူထောင်ထားရှိပြီး စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များကို ထောက်ပံ့ပေးသွားမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ အမြန်ပြန်လည်ဦးမော့လာစေရေး အထူးအလေးထား ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ပြောကြားသည်။

### ဖြည့်ဆည်းထောက်ပံ့

ထို့ပြင် ပုဂ္ဂလိကပိုင် စိုက်ပျိုးရေး အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ လိုအပ်သည့်နည်းပညာရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်တွင်း၌ ပြည်သူလူထုအတွက် လိုအပ်သော ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

### စီမံဆောင်ရွက်ထားရှိ

ထို့နောက် ဦးစီးဌာန/စက်မှုလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ဩဂုတ်လအတွင်း လုပ်ငန်းဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိထားမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများ ဖြန့်ဝေပေးခဲ့မှု၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းဆွေးနွေး

မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနအတွင်းရှိ အရာထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအဖွဲ့အစည်းအတွင်း တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ အဖွဲ့အစည်းအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခြင်းသည် မူဝါဒနှင့် အုပ်ချုပ်ရေး စွမ်းဆောင်နိုင်မှု အားကောင်းရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဖွဲ့အစည်းတစ်ခုတွင် အက်စ်(၇)လုံး ဖြစ်သည့် မဟာဗျူဟာ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ စနစ်များ၊ ခေါင်းဆောင်မှု၊ အတူထားရှိကြသောတန်ဖိုးများ၊ ကျွမ်းကျင်မှု၊ ဝန်ထမ်းရေးရာတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် မူဘောင်ကိုလည်းကောင်း၊ အရာထမ်းများအတွက် ကျွမ်းကျင်မှုမူဘောင် (၁၀)ချက်တို့ကို လည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအတွင်း စိတ်ဓာတ်နှင့် အမူအကျင့်သစ်များထူထောင်ရေး ဆောင်ရွက်သင့်သည့် အဆင့် (၆)ဆင့်ကိုလည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်တိုးမြှင့်စေရေး ဆောင်ရွက်ရမည့် စွမ်းဆောင်မှု နယ်ပယ်(၃)ခုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်း ဆွေးနွေးသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် စာရင်းအင်းကောင်စီ၊ ဆေးကောင်စီနှင့် အင်ဂျင်နီယာကောင်စီတို့မှ အသိအမှတ်ပြုလက်မှတ်များ ရရှိထားကြသည့်အထွေထွေမန်နေဂျာများက သက်ဆိုင်ရာကောင်စီများမှ သတ်မှတ်ရေးဆွဲ ထုတ်ပြန်ထားသော လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ကျွမ်းကျင်မှုဆိုင်ရာ သတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under Increased Monitoring) မှ လွတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under Increased Monitoring) မှ လွတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြားသည်။ **(ယာပုံ)**






ယနေ့နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် ကျင်းပသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် AML/CFT ဆိုင်ရာ လက်ရှိဆောင်ရွက်ချက်များနှင့် ဘဏ်များဆက်လက်ဆောင်ရွက်ရမည့် အချက်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

### အထူးအလေးထား

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် Action Plan ပါ အချက်များအနက် ဘဏ်များ၏ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အပိုင်းများအပါအဝင် Onsite နှင့် Offsite စစ်ဆေးခြင်းကို အချိန်မီဆောင်ရွက်ခဲ့သည့်အတွက် ကြီးမားစွာလိုက်နာဆောင်ရွက်ကြောင်း (Largely Addressed) အဆင့် သတ်မှတ်ချက် ရရှိထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘဏ်များ၏ အကြီးအကဲများ၊ အမှုဆောင်များ၊ စီမံခန့်ခွဲမှု အဖွဲ့များအနေဖြင့် AML/CFT ၏ အရေးကြီးပုံကို ကိုယ်တိုင်ကောင်းစွာ နားလည်သဘောပေါက်ပြီး မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သွားရန်၊ မိမိဘဏ်၏ Compliance Team ကို လိုအပ်သည့် လမ်းညွှန်မှုများ၊ လုပ်ပိုင်ခွင့်များနှင့် ပံ့ပိုးမှုများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် ဘဏ်များ၏ လျှို့ဝှက်ထားရန်တာဝန်ကို ကျိုးပေါက်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းကုမ္ပဏီများ ကြီးကြပ်ရေးလက်စွဲပြုစုထားပြီးဖြစ်၍ ပြည်ပငွေလွှဲကုမ္ပဏီများကို မကြာမီသွားရောက်စစ်ဆေးမည် ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

### တင်ပြရလျက်ရှိ

မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ FATF ၏ တိုးမြှင့်စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း (Jurisdictions under Increased Monitoring) တွင် ထည့်သွင်းခြင်းခံရပြီးနောက် ၄ လလျှင် တစ်ကြိမ်၊ အာရှပစိဖိတ်ဒေသ ပူးပေါင်းအဖွဲ့ (APJG) မှ မြန်မာနိုင်ငံ၏ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို တင်ပြရလျက်ရှိကြောင်း သိရသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌက ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု အခြေအနေကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက သိရှိလိုသည့်အချက်များနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်များကို တင်ပြကြရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့် နိုင်ငံခြားလက်အောက်ခံ ဘဏ်များမှ အကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချစ်ကြည်ရင်းနှီးမှုမှသည် ပန်းတိုင်ဆီသို့

**ဝဏ္ဏ (TGI)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Republic of Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ စက်တင်ဘာ ၁၀ ရက် လေ့လာရေးခရီးစဉ်အား နံနက်ပိုင်းကာလကပင် စတင်သည်။

နံနက်ပိုင်း လေ့လာရေးခရီးစဉ်အဖြစ် Ulan-Ude မြို့ရှိ ဆိုဗီယက်ရင်ပြင်ကို သွားရောက်လေ့လာကြသည်။ ရင်ပြင်နှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေတို့ကို Buryatia ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက ရှင်းလင်းတင်ပြပြီး ဆိုဗီယက်ပြည်ထောင်စု၏ အမျိုးသားခေါင်းဆောင်ကြီးဖြစ်သူ လီနင် ၏ ဦးခေါင်းပုံရုပ်တုရှေ့တွင် အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

**ပိဋကတ်သုံးပုံမှ အဆုံးအမကျမ်းစာများ ထိန်းသိမ်းခင်းကျင်းထား**

ဒုတိယလေ့လာမည့်နေရာမှာ ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ ဆိုက်ဘေးရီးယား ဌာနခွဲဖြစ်သည်။ အကယ်ဒမီသို့ အကြီးအကဲနှင့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိစဉ် အကယ်ဒမီ Director ဖြစ်သူ Mr. Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်ကြည့်ရှုခြင်းကို စသည်။ အကယ်ဒမီအတွင်း ထိန်းသိမ်းထားရှိသည့် ယဉ်ကျေးမှု အမွေအနှစ်များမှာ အမျိုးအစားအရ မနည်းလှသလို အရေအတွက်အားဖြင့် အတော်များပြားသည်ဟု ဆိုနိုင်သည်။ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ ပန်းချီကားချပ်များ၊ တိဗက်လက်ရေးမှုဖြင့် ရေးသားပြုစုထားသည့် ပိဋကတ်သုံးပုံမှ အဆုံးအမကျမ်းစာများ စသည်တို့ကို တူရာကိုစုစည်း၍ ကြည့်ချင်ဖွယ်ဖြစ်အောင် ထိန်းသိမ်းခင်းကျင်းထားသည်ကို တွေ့ရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားသိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့် ဗုဒ္ဓဘာသာ လေ့လာရေးအင်စတီကျူ ဆိုက်ဘေးရီးယားဌာနခွဲ၌ ရှေးဟောင်းဘာသာစာပေယဉ်ကျေးမှု အနုပညာများ၊ ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတော်လာ အဆုံးအမကျမ်းစာများ ကြည့်ရှုလေ့လာစဉ်။

**“ဒုတိယလေ့လာမည့်နေရာမှာ ရုရှား သိပ္ပံအကယ်ဒမီ၊ မွန်ဂို၊ တိဗက်နှင့် ဗုဒ္ဓဘာသာလေ့လာရေး အင်စတီကျူ ဆိုက်ဘေးရီးယားဌာနခွဲဖြစ်သည်။ အကယ်ဒမီသို့ အကြီးအကဲနှင့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိစဉ် အကယ်ဒမီ Director ဖြစ်သူ Mr. Bazarov Bois Vandanovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အကယ်ဒမီအတွင်း လှည့်လည်ကြည့်ရှုခြင်းကို စသည်။ အကယ်ဒမီအတွင်း ထိန်းသိမ်းထားရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များမှာ အမျိုးအစားအရ မနည်းလှသလို အရေအတွက်အားဖြင့် အတော်များပြားသည်ဟု ဆိုနိုင်သည်။ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ ပန်းချီကားချပ်များ၊ တိဗက်လက်ရေးမှုဖြင့် ရေးသားပြုစုထားသည့် ပိဋကတ်သုံးပုံမှ အဆုံးအမကျမ်းစာများ စသည်တို့ကို တူရာကိုစုစည်း၍ ကြည့်ချင်ဖွယ်ဖြစ်အောင် ထိန်းသိမ်းခင်းကျင်းထားသည်ကို တွေ့ရသည်”**

အလားတူ ရှေးဟောင်း နက္ခတ္တဗေဒဆိုင်ရာကျမ်းစာများ၊ တိဗက်နှင့် မွန်ဂိုဘာသာစကားများ၏ အဆင့်ဆင့်ပြောင်းလဲလာမှုကို မှတ်တမ်းတင်ထားသည့် လက်ရာများကိုလည်း စနစ်တကျ ထိန်းသိမ်းထားသည်ကို တွေ့ရသည်။ **“ စာပေမြင့်မှ လူမျိုးတင့်မည် ”** ဆိုသည့် ဆိုရိုးစကားသည် သူတို့နိုင်ငံ၊ သူတို့လူမျိုး၊ သူတို့ဆိုရိုးတွင်လည်း ရှိဟန်တူသည်။ စာပေလက်ရာများကို စနစ်တကျ စုစည်း ထိန်းသိမ်းထားမှုကပင် ၎င်းအချက်ကို မှန်ကန်သည်ဟု ရည်ညွှန်းနေဟန်ရှိသည်။

**မြန်မာနိုင်ငံနှင့် တိုက်ရိုက်ပတ်သက်သည့် ပစ္စည်းများ**

ထပ်မံလေ့လာမှုတွင် မြန်မာနိုင်ငံနှင့် တိုက်ရိုက်ပတ်သက်သည့် ပစ္စည်းများကို တွေ့ရသည်။ ရှားပါးလှသော ထန်းပုရပိုက်များအပါအဝင် အခြားရှေးဟောင်းပုရပိုက်များကို ထိန်းသိမ်းထားခြင်းဖြစ်သည့်အတွက် အမိမြန်မာပြည်၏ စာပေသမိုင်းအချို့ကို တိုင်းတစ်ပါးကပင် သိရှိနေသည်ဟု ဂုဏ်ယူမိသည်။ အခြားတစ်ဖက်တွင်လည်း ဤနှယ် တန်ဖိုးထိုက်လှသည့် ရှေးဟောင်းပစ္စည်းအနုပညာလက်ရာများ အဘယ်မျှပင် ပြည်ပသို့ရောက်ရှိနေသနည်းဟု အတွေးဖြင့် စိုးရိမ်စိတ်လည်း ဝင်မိသည်။ ဤနှယ်သောအတွေးအပြင် အကြီးအကဲအနေဖြင့် ဤပစ္စည်းများကို မပျက်စီး၊ မယိုယွင်းစေရန် မည်သို့ထိန်းသိမ်းသည်လဲဆိုသည့် မေးခွန်းအပါအဝင် မေးခွန်းများစွာဖြင့် ရှေးဟောင်းယဉ်ကျေးမှု လက်ရာများကို ထိန်းသိမ်းကာကွယ်လိုမှုကို ပြသသည်။ တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြသကဲ့သို့ အကြီးအကဲကလည်း စိတ်ပါဝင်စားစွာနားထောင် မှတ်သားသည်။ ထို့နောက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်းနှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး လေ့လာရန် တတိယနေရာသို့ ကူးကြသည်။

ယခုတစ်ကြိမ် ထပ်မံသွားရောက်လေ့လာသည့်နေရာမှာ ဈူကလီးယားဆေးဘက်ဆိုင်ရာ စင်တာ၊ ကင်ဆာရောဂါကုသမှုဌာနဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီး Ms. Ludupova Evgenya နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေမှု၊ ကုသဆောင်ရွက်မှု အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၏ စွမ်းဆောင်ရည်များ

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ ရထားစက်ခေါင်းပြင်ဆင်ရေး အလုပ်ရုံအတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဈူကလီးယားဆေးဘက်ဆိုင်ရာစင်တာ၊ ကင်ဆာရောဂါကုသမှုဌာန၌ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်နိုင်မှု အခြေအနေများ ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၆ မှ*

ကို ပြည်နယ်ကျန်းမာရေးဝန်ကြီးနှင့် အဖွဲ့က လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် သိလိုသည့်မေးခွန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို မေးတန်မေး၍၊ ဆွေးနွေးတန် ဆွေးနွေးကာ အကြီးအကဲ၏ ကျန်းမာရေးကဏ္ဍအပေါ် စိတ်ပါဝင်စားမှုကိုပြသည်။

**နိုင်ငံ့အကြီးအကဲများကိုသာ စီစဉ်ပေးသည့် ရထား**

မနေမနားသော လေ့လာရေးခရီးစဉ်အဖြစ် Ulan-Ude မြို့၏ ရထားပြင်ဆင်ရေး အလုပ်ရုံသို့ ဆက်လက်သွားရောက်လေ့လာကြသည်။ အကြီးအကဲ၏ လေ့လာရေးလာရောက်မှုကို ပြည်နယ်အစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီး Mr. Olovyannikov Aleksei က ကြိုဆိုနှုတ်ဆက်ခြင်း၊ လိုက်လံရှင်းလင်းတင်ပြခြင်းတို့ဖြင့် အလေးအနက်ထားမှုကိုပြသည်။ မီးရထားခေါင်းတွဲအမျိုးမျိုးကို ထုတ်လုပ်၊ ပြင်ဆင်နေမှုနှင့် စက်ခေါင်းများ၏ စွမ်းဆောင်နိုင်မှု အခြေအနေ၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်နေမှု စသည်တို့ကို လှည့်လည်ပြသရင်း ရှင်းလင်းတင်ပြမှုကို တစ်ပေါင်းတည်းဆောင်ရွက်သည်။ အကြီးအကဲကလည်း မြန်မာ့မီးရထား၏ အခြေအနေအပေါ် မူတည်၍ သိရှိလိုသည့် မေးခွန်းများ မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရထားပြင်ဆင်ရေးအလုပ်ရုံတွင် လေ့လာမှုအပြီး၌ Ulan-Ude မြို့ ဘူတာရုံမှတစ်ဆင့် Irkutsk မြို့သို့ ရထားဖြင့် သွားရောက်သည်။ သာမန်ခရီးသည်တင် ရထားမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတပူတင် အပါအဝင် နိုင်ငံ့အကြီးအကဲများကိုသာ စီစဉ်ပေးသည့် ရထားဖြစ်သည့်အတွက် အဆင့်အတန်းမြင့်လှသည်။

**လျှပ်စစ်စွမ်းအင်သုံးရထားများ ပြေးဆွဲနိုင်ရေး ဆွေးနွေး**

လမ်းခရီးရှိ RZD "Russian Railways" မီးရထားလုပ်ငန်း၏ RZD "International Railways" ကုမ္ပဏီ တည်ရှိရာ Ulan-Ude ဘူတာသို့ ရောက်ရှိရာ General Director Mr. Sergey Stolyarov နှင့်အဖွဲ့ဝင်များက ကြိုဆို၍ ဘူတာရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။ ရှင်းလင်းတင်ပြမှုတွင် RZD "Russian Railways" ကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်၊ ဒီဇယ်စွမ်းအင်၊ ဓာတ်ငွေ့စွမ်းအင်အသုံးပြုသည့် စက်ခေါင်းများ၊ ကိုယ်ထည်တွဲများ ထုတ်လုပ်ခြင်းအပါအဝင် နည်းပညာဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ထည့်သွင်းရှင်းလင်းသည်။ နိုင်ငံတော်အကြီးအကဲမှလည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေနှင့် သိရှိလိုသည့်မေးခွန်းများကို မေးမြန်းသည်။ ဒီဇယ်၊ ဓာတ်ငွေ့ အစရှိသည့် လောင်စာအသုံးပြု ရထားပြေးဆွဲမှုထက် လျှပ်စစ်စွမ်းအင်အသုံးပြုသည့် ရထားများပြေးဆွဲနိုင်ရေး အလေးပေးနေသည်ကို အကြီးအကဲဆွေးနွေးမှု၊ မေးမြန်းမှုများတွင် တွေ့ရှိနိုင်သည်။

ငင်းနောက် အကြီးအကဲ လာရောက်မည့် အခြေအနေကို သိရှိထားကာ သတင်းလာရောက်ရယူသည့် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။ မေးမြန်းမှုများမှာ Buryatia ပြည်နယ်သို့ရောက်ရှိစဉ် တွေ့မြင်ရသည့် အခြေအနေနှင့် အကြံပြုလိုသည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပထဝီနိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများအပေါ် သဘောထားအမြင်များ စသည်တို့အပြင် အခြားမေးခွန်းအချို့လည်းပါသည်။ ရရှိသည့် အချိန်နည်းပါးသည့်တိုင် အကြီးအကဲအနေဖြင့် အလေးအနက်ထားကာ ဖြေဆိုခြင်းဖြင့် မီဒီယာအပေါ် အလေးအနက်ထားမှုကိုပြသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံအပြီးတွင် ဦးတည်ရာဖြစ်သည့် Irkutsk ပြည်နယ်၊ Irkutsk မြို့သို့ အထူးရထား ဆက်လက်ထွက်ခွာသည်။ လမ်းခရီးတစ်လျှောက်တွင် လှပသည့် ရှုခင်းများ၊ ကမ္ဘာ့အကြီးဆုံး သဘာဝရေချိုကန်ကြီးဖြစ်သည့် Baikal ရေကန်၏ ကမ်းစပ်တစ်လျှောက်ရှိ လှပသည့် ရှုခင်းများကရှုမငြီးဖွယ်။ အကြီးအကဲအနေဖြင့် သဘာဝရှုခင်းများကို စိတ်ပါဝင်စားသည်ထက် အထူးရထား၏ အခန်းများဖွဲ့စည်းထားရှိမှု၊ အပြင်အဆင်များ၊ မီးရထားလမ်းကြောင်းနည်းပညာများကို ရတန်သရွေ့သော အချိန်အတွင်း လေ့လာကြည့်ရှုသည်။ နံနက်နှောင်းပိုင်းမှ စတင်သည့် အထူးရထားခရီးစဉ်သည် ဦးတည်ရာ Irkutsk မြို့ Passazhirskiy ဘူတာရုံသို့ရောက်ရှိချိန်တွင် မွန်းလွဲပိုင်းသို့ပင်ရှိနေပြီဖြစ်သည်။ ဘူတာရုံတွင် Irkutsk ပြည်နယ်၏ အစိုးရအဖွဲ့အကြီးအကဲ Mr. Igor Ivanovich Kobzev နှင့် တာဝန်ရှိသူများကကြိုဆိုပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး သို့ခေါ်ဆောင်သည်။

ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိစဉ်တွင် တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်သည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် အကြီးအကဲနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) တို့ ပါဝင်တက်ရောက်သည်။ Irkutsk ပြည်နယ်ဘက်တွင် အစိုးရအဖွဲ့အကြီးအကဲနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နယ်မြေဆိုင်ရာ အကြီးအကဲ Ms. Kurbatova Lyudmila Anatolyevna နှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။

**လုပ်ငန်းပေါင်း ၁၈၀၀၀ ကျော် လည်ပတ်နေမှု ဆွေးနွေး**

တွေ့ဆုံဆွေးနွေးမှုအား မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်သည်ကို စတင်ညွှန်းဆိုကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပုံဖော်ရင်း ဆွေးနွေးမှုကို စတင်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဗဟိုချက်တွင် တည်ရှိပြီး ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှု အကြီးစားစက်ရုံအများအပြားတည်ရှိနေမှု၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၈၀၀၀ ကျော်လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက်ဆွေးနွေးသည်။ ထိုသို့သော စက်ရုံများ၊ ရင်းနှီးမြှုပ်နှံမှုများ အများအပြား တည်ရှိခြင်းကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရေးပါသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေသည်မှာ မထူးဆန်းလှသည်ဟု ထင်မြင်မိသည်။

မြန်မာနိုင်ငံနှင့် Irkutsk ပြည်နယ်တို့ကြား မဟာဗျူဟာမြောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ ရှိနေသည့် အခြေအနေကို ဆွေးနွေးမှုတွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှု ပိုမိုမြင့်လာသည်ကို သတိပြုမိသည်။ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်မှု အခြေအနေ၊ မြေပေါ်မြေအောက်သယံဇာတများ ထုတ်လုပ်နိုင်မှု၊ သဘာဝအလှတရားများ ပြည့်စုံသည့် နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများနှင့် ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေ စသည့် အကြောင်းအရာများကို ဆွေးနွေးစဉ်လုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှု အမြင့်ဆုံးဖြစ်လာသည်ကို မျက်နှာများတွင် အထင်းသားမြင်တွေ့

*စာမျက်နှာ ၈ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan-Ude မြို့ ဆိုဗီယက်ရင်ပြင်ရှိ ဆိုဗီယက်ပြည်ထောင်စု၏ သမိုင်းဝင်အမျိုးသားခေါင်းဆောင်ကြီး လီနင်၏ ဦးခေါင်းပုံရုပ်တုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Buryatia ပြည်နယ်မှ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား RZD “Russian Railways” မီးရထားလုပ်ငန်း၏ RZD International Railways မှ General Director Mr.Sergey Stolyarov က ဘူတာရုံအတွင်း ရှင်းလင်းပြသစဉ်။

မြန်မာ့အလင်း

ဗုဒ္ဓဟူး၊ စက်တင်ဘာ ၂၁၊ ၂၀၂၂

# မှော်ဘီမြို့နယ်၌ လယ်ထွန်စက်ကြီးခြောက်စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးကို တောင်သူများထံ လွှဲပြောင်းပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ (JICA, Two Step Loan) ဖြင့် ဝယ်ယူခွင့်ရရှိသော လယ်ယာသုံးစက် ကိရိယာများအား တောင်သူများ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါး သုတေသနရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က အမှာစကားပြောကြားရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် လုပ်သားရှားပါးလာမှုကို ကူညီဖြည့်ဆည်းပေးပြီး အဆင့်မြင့်နည်းပညာများဖြင့် သီးနှံများ အထွက်တိုးစေရန် လယ်ယာသုံး စက်ကိရိယာများကို စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ ကျပ် (၇၄၃ ဒသမ ၆၄) သန်းဖြင့် လယ်ထွန်စက် စက်ကြီးခြောက်စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီး ဝယ်ယူခဲ့သော မြို့နယ် ငါးမြို့နယ်မှ တောင်သူ ၁၂ ဦးအား လက်ဝယ်သို့အရောက် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခင်မြို့နယ် ၁၂ မြို့နယ်မှ တောင်သူ ၄၃၂ ဦးသို့ လယ်ယာသုံးစက်ကိရိယာ ၄၃၂ စီး ဝယ်ယူနိုင်ရန် ငွေကျပ် ၁၈၉၄၅ ဒသမ ၆၆ သန်း ထုတ်ချေးခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည့်အတွက် လုပ်ကိုင်နိုင်စွမ်းရှိသူ တောင်သူဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ်၊ ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးပြောကြားလိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ ရောင်းချနေသော ကုမ္ပဏီလုပ်ငန်းရှင်များမှ တောင်သူလက်ဝယ်သို့ အရည်အသွေးမြင့် စက်ကိရိယာများကို ဈေးနှုန်းမျှတစွာ ရောင်းချပေးကြ ရန်နှင့် ရောင်းချပြီးနောက်ပိုင်း After Sale Service ကို ကောင်းစွာဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တောင်သူဦးကြီးများ လယ်ယာသုံး စက်ကိရိယာများကို ချေးငွေဖြင့် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်တို့မှ တောင်သူ ၁၂ ဦးတို့ကို ဝယ်ယူခဲ့သည့် လယ်ယာသုံးစက်ပစ္စည်းများ၏ စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ခဲ့ပြီး လယ်ယာသုံး စက်ကိရိယာများ ခင်းကျင်းပြသမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

*စာမျက်နှာ ၇ မှ*

ရသည်။ ကျန်းမာရေးကဏ္ဍအတွက် ဝန်ကြီးဌာနအချင်းချင်း၊ ဆေးရုံနှင့် ဆေးတက္ကသိုလ်များအချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ဖလှယ်ဆောင်ရွက်နိုင်မှုများကို အမြင်ချင်းဖလှယ်၍ ဆက်လက်ဆွေးနွေးကြသည်။ ပန်းကိုလို၍ အပင်ကို ပျိုးခြင်းသာမက မြေဆီ၊ မြေဩဇာပါ ဖြည့်သွင်းနိုင်သည်ဟု ယူဆနိုင်မည့် ဆွေးနွေးမှုများဖြစ်သည်။ အနာဂတ်ခြေလှမ်းများအတွက် အစပျိုးခြေလှမ်းဆိုသည်ထက်ပင် ပိုသည်ဟုဆိုနိုင်မည် ထင်ပါသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဆိုဗီယက်စစ်သည်များအား ဂုဏ်ပြုထွန်းညှိထားသည့် မငြိမ်းသောမီး (Memorial Eternal Flame) နေရာသို့ သွားရောက်သည်။ အစိုးရအဖွဲ့ရုံးအနီးတွင်သာရှိသည့် နေရာဖြစ်၍ တစ်ခဏအတွင်းနှင့် ရောက်ရှိပြီး တိုင်းပြည်အတွက် အသက်ပေးလှူသွားသည့် စစ်သည်များကို ဂုဏ်ပြုပန်းခွေချအလေးပြုကြသည်။ အသက်ထက်မြတ်သည့် ဂုဏ်ကို ပိုင်ဆိုင်သွားခဲ့ရသူများကို အလေးအနက်ထား ဂုဏ်ပြုခြင်းဖြင့် စစ်သည်ကောင်းပီသမှုကို အကြီးအကဲပြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို Irkutsk ပြည်နယ် အစိုးရအဖွဲ့ အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာစားပွဲတွင် ထူးခြားချက် တစ်ချက်လည်းရှိသည်။ စက်တင်ဘာလ ၁၀ ရက် သည် Irkutsk ပြည်နယ် ထူထောင်မှု ၈၅ နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို စည်ကားစွာ ကျင်းပနေသည့် နေ့ရက်ဖြစ်သောကြောင့် ဖြစ်သည်။ ညစာစားပွဲမစတင်မီ အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲတို့က နှုတ်ခွန်းဆက်စကားများ ကိုယ်စီ ပြောကြားကြသည်။ ၈၅ နှစ်ပြည့်မြောက်ခဲ့သည့် ပြည်နယ်ထူထောင်မှုကို အလေးထားဖော်ပြသည့် ဂုဏ်ပြုစကားများ၊ ခိုင်မာသည့် ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှု အခြေအနေများအပြင် Irkutsk ပြည်နယ် နောင်နှစ်ပေါင်းများစွာ တိုင်သည်အထိ ဒေသခံများအပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြည်သူအားလုံး ကိုယ်၊ စိတ်၊ နှလုံးချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းကြပြီး ညစာစားပွဲကို စတင်သည်။

ပြည်နယ်တည်ထောင်သည့် နေ့ထူး၊ နေ့မြတ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေခြင်းဖြစ်သည့်အတွက် ဧည့်ခံဖျော်ဖြေသည့် သီဆိုဖျော်ဖြေမှုမှာ ပိုမိုမြူးကြွနေဟန်ရှိသည်။ အနုပညာရှင်များက ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေအပြီးတွင် အကြီးအကဲက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဖျော်ဖြေရေးအဖွဲ့များမှ အချိုပေါ်သကာလောင်းသည့်နှယ် ပျော်ရွှင်ဝမ်းသာကြသည်။

ညစာ စားပွဲအပြီးတွင် Irkutsk ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက ထပ်မံဖိတ် ကြားခေါ်ဆောင်မှုတစ်ခုကို ပြုသည်။ တွေ့ဆုံရသည့်အချိန် ကာလတိုအတွင်း ရင်းနှီးချစ်ကြည်မှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည့်အတွက် သူနှင့်အတူ ပြည်နယ်ထူထောင်မှု ၈၅ နှစ်ပြည့် အထိမ်းအမှတ် မီးရှူး၊ မီးပန်း ပစ်ဖောက်ဂုဏ်ပြုမှုကို လိုက်ပါကြည့်ရှုရန် ဖိတ်ကြားသည်။ ကြည့်ရှုမှုကိုလည်း ပြည်သူလူထုနှင့်အတူတကွ ကြည့်ရှုရန် စီမံထားပြီး ချစ်ကြည်ရင်းနှီးမှုကို ပုံဖော်ပြသလိုကြောင်း အညွှန်းစကားဖြင့်ဆိုသည်။ အချိန်ကာလအရ ညသန်းခေါင်အချိန် ရောက်ရှိနေသည့်တိုင် တစ်ဖက် အကြီးအကဲ၏ အညွှန်းစကားဖြင့် ဖိတ်ကြားမှုကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အပြုံးနှင့်လက်ခံ၍ လိုက်လံကြည့်ရှု အားပေးသည်။ မီးရှူး၊ မီးပန်းပစ်ဖောက်ပြီးချိန်တွင် သန်းခေါင်ယံအချိန်ပင်ကျော်သည်အထိ ဂုဏ်ပြုအားပေးပြီး တစ်နေ့တာခရီးစဉ်အား အဆုံးသတ်သည်။

သတင်းမီဒီယာများထက်တွင် မီးရှူး၊ မီးပန်းပစ်ဖောက်မှုကို အကြီးအကဲမှ ကြည့်ရှုအားပေးနေသည့် သတင်းစာသားနှင့် ဓာတ်ပုံကိုသာ မြင်တွေ့နိုင်သည်။ ရုရှား- မြန်မာ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားယုံကြည်မှု၊ နားလည်မှုတို့ ကိုမူ မမြင်နိုင်။ သို့သော် နှစ်နိုင်ငံလုံးရှိ အကြီးအကဲများ အပါအဝင် အပြုသဘောဆောင် သူတို့ကမူ တိတိကျကျပင် သိမြင်ခံစားနေလိမ့်မည်မှာမလွဲဟု ယုံကြည်ရေးသားဖော်ပြအပ်ပါသည်။

## အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေး

**အုတ်တွင်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်က မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်ညိုကျေးရွာနှင့် အင်ဒိုင်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက ဒေသဖွံ့ဖြိုးတိုးတက်စေရေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဦး က သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၊ မြေဩဇာ စနစ်တကျ ထည့်သွင်းခြင်းတို့ကို လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသဇ္ဇာ က မွေးမြူရေးတိရစ္ဆာန် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အကြောင်းအရာကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေဩဇာ ရွက်ဖျန်းအားဆေးဖြင့် ငါးအမိုင်နိုအက်စစ်ပြုလုပ်ခြင်းကို လက်တွေ့ပြုလုပ်ပြသပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ သဘာဝရေပြင်စလင်းချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ပွင့်ဖြူ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင်/ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါများစေရေး၊ ဒေသနေပြည်သူများ ငါးစားသုံးမှု မြင့်မားစေရေးတို့အတွက် ရည်ရွယ်၍ မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ နွယ်တမယ်တံတားအနီး သဘာဝရေပြင် စလင်းချောင်းအတွင်းသို့ စက်တင်ဘာ ၁၅ ရက်က နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၃၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းနိုင်၊ ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးထွန်း၊ မင်းဘူးခရိုင်တာဝန်ခံ/ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့် အင်းသားကြီးများနှင့် ရေလုပ်သားများ စုပေါင်း၍ ပွင့်ဖြူငါးလုပ်ငန်း စခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက် ကောင်ရေ ၁၅၀၀၀၀၊ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀ ကို သဘာဝရေပြင် စလင်းချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် ၅၈ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် ကျောက်ဖြူမြို့နယ် ပြိုင်းစေ့ကေကျေးရွာရှိ အောင်မင်္ဂလာမြတ်ဗုဒ္ဓစွယ်တော်ပွား စေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး မျိုးမြင့် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်စဉ်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ၂၀/၂၀၂၂ ကြိမ်မြောက်သတင်းစာ ရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၂၀/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ် (EEF) သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးမှု အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာခဲ့သည့် စီးပွားရေးလုပ်ငန်းများအပါအဝင် အခက်အခဲမျိုးစုံများအကြားမှ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းပေါင်းစုံကို အသုံးပြုဆောင်ရွက်လျက်ရှိသကဲ့သို့ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စောင့်ကြည့်၊ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေး ဆောင်ရွက်မှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူ ထမ်းဆောင်ခဲ့သည့် ၁၈ လတာကာလအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လတ်တလော ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ထောက်ပံ့ကူညီမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ၊ ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ နိုင်ငံတော်အတွင်း အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများ မဖြစ်စေရန် ပြည်သူလူထုသို့ အသိပေးချက်များနှင့်စပ်လျဉ်း၍ Power Point Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေ စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် စိစစ်ဆောင်ရွက်မှု အခြေအနေများအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည် ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် CMP လုပ်ငန်းရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များဖန်တီးပေးရေးအတွက် CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေးတို့အတွက် CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က CMP ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများ လွယ်ကူချောမွေ့စွာ လည်ပတ် ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်သည့် ကိစ္စရပ်များ၊ CMP စီးပွားရေး လုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ပြောကြားပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်က ညှိနှိုင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းမှ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားသား CMP လုပ်ငန်းရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



# မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများဝေငှ

**မဟာအောင်မြေ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် မဟာအောင်မြေမြို့နယ် မန်းမြို့ဈေးရှေ့၌ ဖြတ်သန်းသွားလာနေသော ပြည်သူများကို ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အသိပညာပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းများ လိုက်လံဝေငှခြင်းတို့ဖြင့် နှာခေါင်းစည်း လှူပ်ရှားမှုကို စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး ဆွေလွင်အောင်နှင့် အဖွဲ့ဝင် (၂) ဦးထွန်းထွန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ကြောင်း သိရသည်။

**ရွှေတိုး(ပြန်/ဆက်)**

# နွှေစပါးနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဆည်ရေ ပြည့်ဝစွာပေးဝေနိုင်ရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

စပါးစိုက်ဧကများ၊ ဥယျာဉ်ခြံများကို ဆည်ရေပေးဝေရာတွင် တောင်သူများ အကျိုးပြုစေရေး အလေးထားဆောင်ရွက်ရန်၊ ရေလှောင်တမံ ခံနိုင်ရည်ပေါ်မူတည်၍ ရေသိုလှောင်နိုင်သည့် ပမာဏကို အမြဲမပြတ်စစ်ဆေးတွက်ချက်ကာ ရေထုတ်ပြွန်များဖြင့် စနစ်တကျရေပိုလွှဲထုတ်နိုင်ရေး ဆောင်ရွက်ရန်၊ နွှေစပါးနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဆည်ရေအားပြည့်ဝစွာ ပေးဝေနိုင်ရန် လိုအပ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

မုဒုံမြို့ အဇင်းရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနေသည့်အခြေအနေနှင့် မြို့ရေပေးဝေနေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

အဇင်းရေလှောင်တမံသည် စပါးစိုက်ဧက ၂၀၀၀၊ ဥယျာဉ်ခြံ ဧက ၁၀၃၈ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး မြို့ရေပေးဝေရေးအနေဖြင့် တစ်ရက်လျှင် ရေဂါလန်သန်းပေါင်း ၁ ဒသမ ၄ ဂါလန် ပေးဝေလျက်ရှိသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ် တော်ကူးကျေးရွာ Rs,Cs စပါး မျိုးကောင်း၊ မျိုးသန့် ဘက်စုံနည်းပညာသုံး စံပြစိုက်ကွက် ၅၁ ဧက ဖော်ဆောင်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာအာဟာရဓာတ် ပါဝင်မှုစစ်ဆေးပြီး မြေဩဇာထောက်ခံချက်ပေးခြင်း၊ ပိုးမွှားရောဂါဆိုင်ရာ ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မိုးစပါးရာနှုန်းပြည့်ကျော်လွန် စိုက်ပျိုးပြီး နွှေစပါးအပါအဝင် အခြားဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်၊ နိုင်ငံစီးပွားဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တောင်သူများကို တိုက်ရိုက်အကျိုးပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး တောင်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မုဒုံမြို့နယ်ရှိ ကျေးရွာများ၌ ပေါ်ဆန်းရင်စပါးအမျိုးအစားကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ ဘက်စုံနည်းပညာသုံး စံပြစိုက်ကွက် ၁၅၁ ဧက စိုက်ပျိုးထားရှိကာ မျိုးကောင်းမျိုးသန့်များအား တောင်သူများထံ ဖြန့်ဝေခြင်း၊ အလေအလွင့် နည်းပါးစေရန်နှင့် အရည်အသွေးကောင်းမွန်သော မြေဩဇာများ စနစ်တကျအသုံးပြုစေခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာများဖြန့်ဝေကာ ကန်ထရိုက် လယ်ယာစနစ်ဖြင့် မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းအပြင် ကုန်ထုတ်သမဝါယမအသင်းများနှင့် ပေါင်းစပ်၍ မျိုးစေ့ထုတ်တောင်သူများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၀**

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တောင်ကြီးမြို့နယ်အသင်းက ဆီဆိုင်မြို့နယ်အသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲသွားကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြကာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက တတိယဆုရရှိသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက ဒုတိယဆုရရှိသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆုနှင့် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသော တောင်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ငွေသားကျပ် ငါးသိန်းနှင့် ဆုဖလားတို့ကို လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းပေး

နေပြည်တော် စက်တင်ဘာ ၂၀

**နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ၎င်းတို့ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဇမ္ဗူသီရိမြို့နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေး၊ မဟာဗျူဟာကျ စီးပွားရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကာအကွယ်ပေးထားမှု အခြေအနေ၊ ကိုဗစ်ကုစားရေး ချေးငွေရယူထားသူများ ပြန်လည်ပေးဆပ်နေမှု အခြေအနေနှင့် အသေးစားစီးပွားရေး လုပ်ကိုင်နိုင်ရန်အတွက် သင်တန်းများ သင်ကြားပို့ချပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ ရှေ့ဆက်လက် ဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

**သတင်းစဉ်**




# ပဲခူးမြို့နယ်၌ Air-Compressor ပြုပြင်ထိန်းသိမ်းနည်း(အခမဲ့)သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကလေးအလုပ်သမားဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Air–Compressor ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်က အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး မိမိရပ်ရွာဒေသ စည်ပင်ဝပြောရေးအတွက် ကလေးသူငယ်များနှင့် လူငယ်များသည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍကနေ ပါဝင်နေသည့်အတွက် ယခုသင်တန်းတွင် သင်ကြားပေးသည့် သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်လိုကြောင်း၊ ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် သင်တန်းပြီးစီးပါက သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချကာ မိမိတို့၏လုပ်ငန်းနယ်ပယ်များတွင် ပြန်လည်အသုံးချလုပ်ကိုင်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပဲခူးမြို့မှ သင်တန်းသား ၂၀ တက်ရောက်ကြပြီးသင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# KNU/KNLA(PC)၊ DKBA တပ်ဖွဲ့ဝင်နှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များထောက်ပံ့



**ဘားအံ စက်တင်ဘာ ၂၀**

ကရင် အမျိုးသားအစည်းအရုံး/ ကရင်လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေး ကောင်စီ KNU/ KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောစတီးတို့က ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီး ဌာနက ကရင်အမျိုးသား အစည်းအရုံး/ ကရင်လွတ်မြောက်ရေး တပ်မတော် - ငြိမ်းချမ်းရေးကောင်စီ KNU/KNLA(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ၎င်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ၌ ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ KNU/KNLA (PC)၊ DKBA တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုများသို့ ဆန်အိတ် ၃၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က စားဝတ်နေရေးသည် အရေးကြီးသည့်အတွက် စိုက်ပျိုး မွေးမြူရေး ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် သီးထပ်သီးညှပ်များဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ပြည်နယ်အတွက် လိုအပ်သည့် အရင်းအနှီးငွေများ ထောက်ပံ့ပေးထားကြောင်းနှင့် အတိုးနှုန်းသက်သာစွာဖြင့် တောင်သူများကို ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်မိသားစုများ၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များ ရှိပါက အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ကူညီထောက်ပံ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ကရင်အမျိုးသား အစည်းအရုံး/ ကရင်လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ KNU/ KNLA(PC) နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် DKBA တို့မှ တာဝန်ရှိသူများသည် ဘားအံမွေးမြူရေးဇုန်သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ခရီးသွားလုပ်ငန်းကျဆင်းခဲ့ရာ နိုင်ငံတော်မှ ခရီးသွားကဏ္ဍ ဖော်ဆောင်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်တွင် ပြည်တွင်း/ပြည်ပလေကြောင်းလိုင်းနှင့် နိုင်ငံတစ်ဝန်း ခရီးသွားကဏ္ဍကို ဖွင့်လှစ်ခဲ့သည်။ ကော့သောင်းနှင့် မြိတ်ကျွန်းစု အပန်းဖြေခရီးစဉ်တွင် ကနဦးအနေဖြင့် ပြည်တွင်းခရီးသွားများ ဝင်ရောက်၍ နိုင်ငံခြားသားခရီးသွားများ ဆက်လက်လည်ပတ်နိုင်ရန် ဆောင်ရွက်ထားကြောင်း၊ ကော့သောင်းနှင့် မြိတ်ကျွန်းစု အပန်းဖြေခရီးသွားလုပ်ငန်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် ခရီးသွားကဏ္ဍကို ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားသည်။

### ကျွန်းပေါင်း ၈၀၀ ကျော်ရှိ

တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး မြိတ်ကျွန်းစု၌ ကျွန်းပေါင်း ၂၀၀ ကျော်ရှိရာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အဏ္ဏဝါဥယျာဉ်ဖြစ်သည့် လန်ပိကျွန်းတည်ရှိရာ ကျွန်းစုဖြစ်သည်။ အဏ္ဏဝါပညာရှင်များသုတေသနပြုချက်အရ ကုန်းမြေနှင့်ရေစပ်တို့တွင် ပေါက်ရောက်သော အမြဲစိမ်းသစ်တောအမျိုးအစား ၁၉၅ မျိုး၊ ဒီရေတောနှင့် သဲခုံတောများတွင် ပေါက်ရောက်သည့် သဘာဝပေါက်ပင်အမျိုးအစား ၆၃ မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိပြီး သန္တာကျောက်တန်းများ၌ နို့တိုက်သတ္တဝါ ၁၉ မျိုးနှင့် သွေးအေး/သွေးနွေးမျိုးစိတ်များ ရှင်သန်လျက်ရှိသည်။

ကော့သောင်းခရိုင်တွင် လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်း၊ လှိုင်ဂူကျွန်း၊ စေတန်ကျွန်း၊ ကိုဖော့ကျွန်း၊ တောင်လပို့ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ နတ်သမီးရေတွင်းကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်ကျွန်း၊ ငမန်းကျွန်း၊ ၂၅၄ နှင့် ၂၅၆ ကျွန်း၊ မြန်မာဘမ်းကျွန်း၊ အောက်နီးကျွန်း၊ တောင်တော်ဝင်ကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ ခရင်းခွကျွန်း၊ ကျွန်းဖီလာနှင့် နာနတ်သီးကျွန်းတို့သည် ပြည်တွင်း/ပြည်ပ ခရီးသွားအများဆုံး အပန်းဖြေလည်ပတ်ရာကျွန်းများဖြစ်ပြီး မြိတ်ကျွန်းစုရှိကျွန်းများတွင် သဘာဝအလှနှင့် ပြည့်စုံသော သမီးလှကျွန်း၊ တောင်ပံကြီးကျွန်း၊ ဘေလီကျွန်းတို့ကို ခရီးသွားများ နှစ်သက်လေ့ရှိကာ ကျွန်းဘုရင်(ခေါ်) လေးကျွန်းနှင့် စမတ်ကျွန်း(ခေါ်)ပါပကျွန်း၊ အသဲပုံကျွန်းနှင့် 115 ကျွန်းနှင့် ဝအေလယ်ကျွန်းတို့သည် အပန်းဖြေခရီးစဉ်တို့တွင် လူကြိုက်များနာမည်ကြီးသော နေရာများဖြစ်သည်။

မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ တနင်္သာရီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းတိုးတက်ကောင်းမွန်ခဲ့ပြီး ရက်ရှည်ရုံးပိတ်ရက်တို့တွင် လာရောက်လည်ပတ်အပန်းဖြေသူ တစ်ရက်လျှင် ခရီးသွား ၂၀၀ မှ ၃၀၀ အထိရှိခဲ့ရာ ခရီးသွားများအဆင်ပြေစေရန် Speed Boat နှင့် အမြန်ရေယာဉ်များ ပြေးဆွဲခြင်း၊ ဧည့်လမ်းညွှန်များက ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာတို့၏ လမ်းညွှန်မှုနှင့်အညီ ဒေသခံများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခဲ့ကြောင်း သိရသည်။





ခရီးသွားများ အပန်းဖြေအနားယူနိုင်မည့် တနင်္သာရီတိုင်းဒေသကြီးရှိ ကမ်းခြေတစ်ခုကို တွေ့ရစဉ်။

### အကောင်းဆုံးနေရာ

"ဒီနှစ်ပွင့်လင်းရာသီမှာ ခရီးသွားလုပ်ငန်းကို မျှော်လင့်ထားပါတယ်။ ပြည်တွင်းခရီးသွားနဲ့ စတင်ဖို့ ရည်ရွယ်ထားတာကြောင့် ပြင်ဆင်နေပါတယ်။ ဟိုတယ်တွေ ဖွင့်လှစ်ထားပြီး အချို့လည်း ပွင့်လင်းရာသီအတွက် ပြင်ဆင်နေတယ်လို့ သိရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ပြီး ခရီးသွားနိုင်ဖို့ ဝက်ဆိုဒ်တွေ၊ မီဒီယာတွေမှာ ဖော်ပြထားတာရှိတယ်။ အဓိကဟိုတယ်များမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး သတ်မှတ်စည်းကမ်းနဲ့အညီ ယုံကြည်စွာဝန်ဆောင်မှုကို လက်ခံနိုင်ဖို့ HSP နဲ့ ညီညွတ်တဲ့ဟိုတယ်များကို နိုင်ငံတော်အဆင့် အသိအမှတ်ပြု တံဆိပ်ထုတ်ပေးထားတာကြောင့် ခရီးသွားများ စိတ်ချစွာတည်းခိုနိုင်အောင် ဆောင်ရွက်ထားတာရှိပါတယ်။ ဧည့်လမ်းညွှန်တွေကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှုနဲ့ ပတ်သက်ပြီး ဌာနကသင်တန်းပို့ချပေးထားပါတယ်။ ဒါကြောင့် ခရီးသွားတွေအနေနဲ့ မိမိတို့ ခရီးစဉ်ဒေသမှာ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေတည်းခိုနိုင်အောင် ဆောင်ရွက်နေပါတယ်။ ကော့သောင်းနဲ့ မြိတ်ကျွန်းစုဟာ အပန်းဖြေမှုနဲ့ လေ့လာရေးခရီးစဉ် နှစ်မျိုးရနိုင်တဲ့ အကောင်းဆုံးနေရာဆိုရင် မမှားပါဘူး" ဟု နေပြည်တော် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဆိုးလ်မြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် နိုင်ငံကိုယ်စားပြုအဖြစ်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပသော ဟိုချီမင်းခရီးသွားပြပွဲတွင်လည်းကောင်း မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအတွက် ဖိတ်ခေါ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ခရီးသွားရာသီတွင် နိုင်ငံအတွင်း ခရီးသွားလည်ပတ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### လာရောက်လေ့လာ

ကျွန်းစုများတွင် လာရောက်အပန်းဖြေလေ့လာကြသည့် ခရီးသွားများအနေဖြင့် Sea Gipsy ဟု တင်စားခေါ်ဝေါ်ကြသည့် ဆလုံလူမျိုးများ ကဗန်းလှေဖြင့် ပင်လယ်အတွင်း လှည့်လည်သွားလာနေထိုင်သော လူနေမှုဘဝပုံစံများ၊ ပင်လယ်ပြင်နှင့် ကျွန်းစုများ၏ သဘာဝအလှ၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းများနှင့် ငါးမျိုးစိတ်များကို ရေငုတ်၍ လေ့လာခြင်း၊ ငါးမျှားအပန်းဖြေခြင်း၊ ဝေလငါးနှင့် လင်းပိုင်များကို လေ့လာခြင်း၊ ကျွန်းစုများတွင်ရှိသော ပင်လယ်လိပ်၊ ပင်လယ်ဖျံ၊ အောက်ချင်းငှက်၊ ပင်လယ်လိပ်ပြာ၊ မလိငှက်၊ ဇီဝစိုးငှက်နှင့် ငှက်မျိုးစိတ်များကို လာရောက်လေ့လာလေ့ရှိသည်။

ကမ္ဘာတွင် အကောင်းဆုံးရွှေရောင်ပုလဲ ထွက်ရှိရာ ကော့သောင်းနှင့် မြိတ်ကျွန်းစုသို့ ပွင့်လင်းရာသီ၌ ခရီးသွားများ ပိုမိုဝင်ရောက်လာရန် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ ရေယာဉ်မောင်းသူများနှင့် ဒေသခံများကလည်း မျှော်လင့်ထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၅ | ၃၀၅၅ |
| 95 Ron | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၅၅ | ၂၆၇၅ | ၃၁၂၀ |
| HSD (500 ppm) | ၂၇၄၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၅၅ | ၂၇၉၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၈၀ | ၂၈၉၀ | ၂၈၈၅ | ၂၇၈၅ | ၂၇၉၅ | ၂၈၃၀ | ၂၈၃၀ | ၂၈၃၀ | ၃၀၅၀ | ၃၇၇၅ |
| HSD (50 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၁၅ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၁၀ |
| HSD (10 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၁၅ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၃ | ၂၂၆၀ |
| 95 Ron | ၂၂၆၃ | ၂၃၄၂ |
| HSD (500 ppm) | ၂၆၂၈ | ၂၇၁၀ |
| HSD (50 ppm) | ၂၇၀၉ | ၂၇၉၂ |
| HSD (10 ppm) | ၂၇၀၉ | ၂၇၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆရာဝန် (သစ်လွင်/သွားနှင့်ခံတွင်း)၊ ဆရာဝန်(သရုပ်ပြ)၊ လက်ထောက်ဆရာဝန်ရာထူးများ ကြော်ငြာခေါ်ယူထားရှိခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ဆရာဝန်(သစ်လွင်/သွားနှင့်ခံတွင်း)၊ ဆရာဝန်(သရုပ်ပြ)၊ ဦးစီးအရာရှိ [အစားအသောက်/ ဆေးဝါး / (ဆေးပစ္စည်း/ အလှကုန်)/ ဓာတ်ခွဲ]၊ လက်ထောက်ဆရာဝန်နှင့် တာဝန်ခံဆရာဝန်ရာထူး (၃၀၈) နေရာတို့ အတွက် ကြော်ငြာစာအမှတ်၊ ၄/၂၀၂၂ ဖြင့် ၂၇-၈-၂၀၂၂ နှင့် ၂၈-၈-၂၀၂၂ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီ သတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပြီးဖြစ်ပါသည်။

၂။ ဖော်ပြပါဝန်ကြီးဌာန (၃)ခု၏ဆရာဝန်လစ်လပ်ရာထူးနေရာများ အတွက် လျှောက်ထားရာတွင် ဆေးကုသခွင့်လိုင်စင် (ဆမ/သခ) ရရှိပြီး ဆရာဝန်များ လျှောက်ထားနိုင်သည့်အပြင် အလုပ်သင်ဆရာဝန် ပြီးမြောက်သူများလည်း အလုပ်သင်ပြီးမြောက်ကြောင်း ထောက်ခံစာ ပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။ အလုပ်လျှောက်ထားရာတွင် လည်း မိမိစတင်တာဝန်ထမ်းဆောင်လိုသည့်ဒေသများကို ဦးစားပေး ဖော်ပြ၍ လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ လျှောက်ထားသူများအားလုံးကိုလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကို ကျင့်သုံး၍ ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပြီး ရွေးချယ်မည့် စာရင်းထုတ်ပြန်ပေးမည်ဖြစ်ပါသည်။ ရွေးချယ်ခြင်း ခံရသူများကို ယခင်ကကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း အခြေခံသင်တန်းများသို့ လက်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန် ပေးသွားမည်ဖြစ်ပါသည်။

၃။ ခန့်အပ်ခြင်းခံရမည့် ဆရာဝန်များအနက် အလုပ်သင်ဆရာဝန် များအနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ဆေးကုသခွင့် လိုင်စင် (ဆမ/ သခ) လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနမှ ထောက်ခံချက်ထုတ်ပေးမည်ဖြစ်သည့်အပြင် ခန့်အပ်ခြင်းခံရမည့် ဆရာဝန်များအားလုံးကို ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်း တက်ရောက်ခွင့်ရရှိရေးအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကိုလည်း ခွင့်ပြုပေးမည် ဖြစ်ပါသည်။

၄။ ဆရာဝန် (သစ်လွင်/သွားနှင့်ခံတွင်း) ရာထူးအတွက် စတင် တာဝန်ထမ်းဆောင်သူများသည် မိမိတာဝန်ထမ်းဆောင်ရမည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက နိုင်ငံတော်၏ လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံတစ်ဝှမ်းလုံးရှိ အခြား ဆေးရုံများသို့လည်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင် နိုင်သူလည်း ဖြစ်ရပါမည်။

၅။ မိမိတို့ကြိုးစားလေ့လာအားထုတ်သင်ယူခဲ့သည့် ဆေးပညာရပ်များ၊ အတွေ့အကြုံများကို အမှန်တကယ်အသုံးချ၍ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် တစ်ထောင့်တစ်နေရာမှ အလုပ်အကျွေးပြု ကျေးဇူးဆပ်ရာရောက်မည်လည်းဖြစ်သဖြင့် ဆေးပညာဘွဲ့ ရရှိထားသည့် ညီငယ်၊ ညီမငယ်များအနေဖြင့် လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၂၇-၉-၂၀၂၂) ရက်နေ့မတိုင်မီ အချိန်မီ လျှောက်ထားနိုင်ရေးကို အသိပေးတိုက်တွန်းအပ်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ကျောက်ပန်းတောင်းမြို့နယ် ထနောင်းကျင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးရွာ ၁၅ ရွာ အနက်မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် တောင်ဦးကျေးရွာ အုပ်စု ထနောင်းကျင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးမှုအခြေအနေများကို စက်တင်ဘာ ၁၉ ရက်က ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်း တောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ကောင်းမွန်ပြီး ခိုင်ခံ့စေရန်အချက်များနှင့် နည်းပညာများ ပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးခဲ့သည်။

### ရာနှုန်းပြည့်ပြီးစီး

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းထည့်ဝင် ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၃ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဩဂုတ်လဒုတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ လမ်းအရှည် ၅၂၅ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိကြောင်းနှင့် ယခုအခါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

**ကိုပြည့်(ကျေးလက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ရသေ့တောင်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ရမ်းဗြဲမြို့တွင် ၂ ဒသမ ၀၆ လက်မ၊ ဘိုကလေးမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ ဖြူးမြို့နှင့် ကျုံပျော်မြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၆၆ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဂျာမန်လေတပ်နှင့် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်



ဂျပန် အက်ဖ်-၂ တိုက်လေယာဉ် တစ်စင်းကို တွေ့ရစဉ်။

**တိုကျို စက်တင်ဘာ ၂၀**

လာမည့်သီတင်းပတ်တွင် ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် ဂျာမန်လေတပ်နှင့် ဂျပန်လေပိုင်နက်တွင် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်သွားမည် ဖြစ်သည်။

ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ဂျာမန် ယူရိုဖိုက်တာဂျက်လေယာဉ် သုံးစင်းသည် တိုကျိုအနီး အိဘာရခိခရိုင် ဟိုင်ရာကူရီလေတပ်စခန်းသို့ စက်တင်ဘာ ၂၈ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန် အက်ဖ်-၂ ဖိုက်တာဂျက်လေယာဉ်သုံးစင်းသည် စုဖွဲ့ပျံသန်းခြင်းနှင့် လေကြောင်းလေ့ကျင့်မှုများတွင် ပါဝင်မည်ဖြစ်သည်။

အပြန်အလှန်နားလည်မှုမြှင့်တင်ရန်၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန်နှင့် ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ နည်းဗျူဟာကျွမ်းကျင်မှုများ တိုးတက်စေရန် ရည်ရွယ်ကြောင်း ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။

ဂျာမနီသည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ သံတမန်ရေးနှင့် အမျိုးသားလုံခြုံရေး လမ်းညွှန်ချက်တွင် ဘက်စုံဝါဒကို လက်ကိုင်ထားပြီး အင်ဒို-ပစိဖိတ်ဒေသတွင် ၎င်း၏ပါဝင်မှုကို တိုးချဲ့နိုင်ရေး ရည်ရွယ်ချက်ထားလုပ်ဆောင်လျက် ရှိသည်။

ဂျာမန်လေတပ်သည် အစောပိုင်းက ဩစတြေးလျ၌ ကျင်းပခဲ့သည့် ဘက်စုံစစ်ရေးလေ့ကျင့်မှုတွင်လည်း ပါဝင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်၌ မိုးကြိုးပစ်ခတ်မှုကြောင့် ၂၁ ဦးထက်မနည်း သေဆုံး



**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် လွန်ခဲ့ သော ၂၄ နာရီအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်ခတ်မှုများ ဖြစ်ပွားသောကြောင့် ၂၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၀ ရက်တွင် ဖုန်းဖြင့် အတည်ပြုပြောသည်။

မိုးကြိုး ပစ်ခတ်မှုကြောင့် သေဆုံးသွား သူများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ကြောင်းနှင့် အဆိုပါ သေဆုံးသူများသည် ပြည်နယ်၏ ခရိုင် ၁၀ ခုခန့်မှ ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဘီဟာပြည်နယ် ဝန်ကြီးချုပ် နီတစ်ရှ်ကူမာက သေဆုံးသွားသည့် ကျန်ရစ်သူမိသားစုဝင် တစ်စုစီအတွက် အိန္ဒိယရူပီး ၄၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀၂၃ ဒေါ်လာခန့်) လျော်ကြေးငွေ ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ဝန်ကြီးချုပ်သည် ဆိုးရွားသော ရာသီဥတုဖြစ်စဉ်အတွင်း သတိဝီရိယဖြင့် နိုးနိုးကြားကြားရှိကြရန်နှင့် မိုးကြိုးပစ်ခတ်ခြင်းအန္တရာယ်မှ မိမိကိုယ်ကို ကာကွယ်နိုင်ရန်အတွက် ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ပြည်သူများကို အကြံပြုတိုက်တွန်းထားသည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ အတည်ပြုကူးစက်ခံရသူ ၂၄၀၀၀ နီးပါးရှိလာ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂၀** – အမေရိကန်နိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်အထိ မျောက်ကျောက်ရောဂါအတည်ပြုကူးစက်ခံရသူ ၂၄၀၀၀ နီးပါးရှိ လာပြီဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) ၏ နောက်ဆုံးထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါ မျောက်ကျောက်ရောဂါကူးစက်ခံရသူများအနက် ကယ်လီဖိုးနီးယားပြည်နယ်သည် လက်ရှိအချိန်အထိ ကူးစက်ခံရသူ ၄၆၅၆ ဦးဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် နယူးယောက်ပြည်နယ်က ၃၇၅၅ ဦးနှင့် ဖလော်ရီဒါပြည်နယ်က ၂၃၉၈ ဦးဖြင့် ဒုတိယနှင့် တတိယ အများဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

မျောက်ကျောက်ရောဂါသည် သေဆုံးနိုင်ခြေနည်းပါးပြီး ကူးစက်ခံရသူ အများစုသည် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ အဆိုပါရောဂါကြောင့် သေဆုံးမှုနှုန်းသည် သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## ပါကစ္စတန်၌ ၂၄ နာရီအတွင်း မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် လူ ၁၅ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၀** – ပါကစ္စတန်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မုတ်သုံမိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် လူ၁၅ဦးထက်မနည်းသေဆုံးခဲ့ကြောင်းအမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ပြောကြားသည်။

အင်န်ဒီအမ်အေက စက်တင်ဘာ ၁၉ ရက်ညပိုင်းထုတ်ပြန်ချက်အရ သေဆုံးသူအားလုံးမှာ တောင်ပိုင်းဆင်းဒ်ပြည်နယ်မှဖြစ်ကြောင်း သိရပြီး သေဆုံးသူများထဲတွင် ကလေးတစ်ဦးနှင့် အမျိုးသမီး သုံးဦး ပါဝင်ကြောင်း သိရသည်။

ထို့အပြင် ပါကစ္စတန်တစ်ဝန်း အိမ်ခြေပေါင်း ၂၁၁၂၃ လုံးပျက်စီးပြီး ခြံမွေးတိရစ္ဆာန် ၁၃၈၁၃ ကောင် သေဆုံးခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်မုတ်သုံမိုးရာသီကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်း သေဆုံးသူ ၁၅၅၉ ဦးအထိ မြင့်တက်လာခဲ့ပြီး ဒဏ်ရာရရှိသူ ၁၂၈၅၀ အထိရှိလာကြောင်း အင်န်ဒီအမ်အေက ဖော်ပြလိုက်သည်။ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ရေဘေးသင့်ဒေသများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

## နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရန် ကန်ဒေါ်လာ ၁၀ သန်း လွှဲပြောင်းပေးအပ်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၀**

ကုလသမဂ္ဂဗဟို အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေအဖွဲ့ (စီအီးအာရ်အက်ဖ်) သည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်လျက်ရှိသော စားနပ်ရိက္ခာနှင့် အာဟာရချို့တဲ့မှု အကျပ်အတည်းကို ကူညီထောက်ပံ့ပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းကို လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စက်တင်ဘာ ၁၉ ရက်တွင် ပြောသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ခြင်း မပြုပါက အဆိုပါ ဒေသရှိ ကလေးငယ် ၅၀၀၀ ကျော်သည် သေဆုံးနိုင်ခြေရှိပြီး အသက်ရှင်ကျန်ရစ်သူများ အနေဖြင့်လည်း ဘဝတစ်သက်တာလုံး မသန်စွမ်းမှုများနှင့် ရင်ဆိုင်ရနိုင်ခြေရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန် ဒူဂျာရစ်က ပြောသည်။



ထို့အပြင် ယခုနှစ်တွင် အသက် ငါးနှစ်အောက် ကလေးငယ် ၁ ဒသမ ၇၄ သန်းခန့်သည် အာဟာရချို့တဲ့မှုနှင့် ကြုံတွေ့နိုင်ဖွယ်ရှိပြီး ကလေးငယ် ၃၀၀၀၀၀ ကျော်သည် ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်ကြုံတွေ့ ရဖွယ်ရှိကြောင်းလည်း ဒူဂျာရစ်က ဆိုသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အစွန်းရောက်အကြမ်းဖက်မှုများကြောင့် အစုအပြုံလိုက်နေရပ်စွန့်ခွာထွက်ပြေးလျက်ရှိရာ သန်းပေါင်းများစွာသော ပြည်သူများအနေဖြင့် ပြင်းထန်သော ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ နေရခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ဆီဆိုင်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေး

**ဆီဆိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာ



၂၀ ရက်က ဆီဆိုင်မြို့ အခြေခံပညာကျောင်းများ၌ ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ကြရန် အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြေခံပညာကျောင်းရှိ ဆရာ ဆရာမတို့ ပူးပေါင်း၍ အောင်သပြေရပ်ကွက်အတွင်းရှိအခြေခံပညာအလယ်တန်းကျောင်းနှင့် အောင်ချမ်းသာရပ်ကွက်အတွင်းရှိ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တို့မှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၈၉ ဦးအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြတ်(ဆီဆိုင်)**

## ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်းရှိ ကုသိုလ်ဖြစ်ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ကိုဗစ်ဆေးထိုးနှံခြင်းဆောင်ရွက်

**ဒဂုံတောင် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ကိုဗစ်-၁၉ ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက Save The ages ကုသိုလ်ဖြစ် ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ လမ်းမလျှောက်နိုင်သော ဘိုးဘွားများအား တတိယအကြိမ် ကိုဗစ်ဆေးထိုးနှံခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာ Save The ages ကုသိုလ်ဖြစ် ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ လမ်းမလျှောက်နိုင်သော ဘိုးဘွား ၄၄ ဦးအား တတိယအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံသူပြည်သူများအား အဆင်ပြေချောမွေ့စွာဆေးထိုးနှံနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း



သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းများအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မြို့နယ်အတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံ

**ကျောင်းကုန်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျောင်းအခြေပြု



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမ ဒေါ်အေမီမိုးနှင့်အဖွဲ့က ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ထိုးနှံ ပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့က အသက်ငါးနှစ်မှ ၁၂ နှစ်နှင့်အထက်၊ အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသားကျောင်းသူများအား ကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေး

**နောင်ချို စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၈ ရက်က ဆေးထိုးစုရပ်ဖြစ်သည့် အခြေခံပညာ အထက်တန်းကျောင်း (ကံကြီး)တွင် ကျန်မာရေးဝန်ထမ်းများက ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံရာသို့ အထက(ကံကြီး)၊ မူလွန် လက်ပံကုန်း၊ မူလွန်ဉာဏ်တော၊ အမကနောင်လင်၊ အလကလုံဝယ်၊ မူလွန်ဆင်လျှောကျောင်းများမှ အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ ကျောင်းသား ကျောင်းသူ ၃၂၁ ဦးအား တတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး၊ ဆရာ ဆရာမ ၂၀ အား စတုတ္ထအကြိမ် ထပ်ဆောင်း ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်



### မိတ္ထီလာ

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ဌာနဆိုင်ရာများမှ အသိပညာပေးလုပ်ငန်းဆောင်ရွက်ပြီး နှာခေါင်းစည်း ၄၀၀၀ ကို စက်တင်ဘာ ၂၀ ရက်က ရန်ကုန်-မန္တလေး ကားလမ်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီး၌ အခမဲ့ဖြန့်ဝေခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပွားလျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပူးပေါင်း၍ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် သွားလာလျက်ရှိသော ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက်နေအိမ်တွင်သာ နေထိုင်ကြရန်၊ မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ကြရန်နှင့် လူစုလူဝေးပြုလုပ်ခြင်း၊ သွားလာခြင်းမှ ရှောင်ကြဉ်ရန်၊ အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာအောင် စနစ်တကျဆေးကြောရန် အသိပညာပေးပြောကြားခဲ့ပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

### အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများပူးပေါင်း၍ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်ခြင်းနှင့် အသိပညာပေးနှိုးဆော်ခြင်းများကို စက်တင်ဘာ ၁၇ ရက်က စမ်းချောင်းရပ်ကွက်၊ စက်ရုံရပ်ကွက်၊ ရွာထောင်ရပ်ကွက်နှင့် အမှတ်(၂)ဈေးကြီးအတွင်းတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်ခြင်းနှင့် အသိပညာပေးနှိုးဆော်ခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်း များက လမ်းသွားလမ်းလာပြည်သူများ၊ ဈေးရောင်း ဈေးဝယ်များ၊ ခရီးသွားပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများစနစ်တကျ တပ်ဆင်နိုင်ရေး အသိပညာပေးဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်း ၁၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ဇင်ဇင်မင်းမောင်(ပြန်/ဆက်)**



## ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၉ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

(၂၀–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၁၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၃၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၄၆,၈၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၉,၅၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၅,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၀) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၉–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာ ရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရသေဆုံးသူများ၏ (၇၉.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါ အခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၂၀



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၆၆၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၃၆၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၄၀၁၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၁၆၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၈၇၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၂၄၆ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် Mask များကို ပြည်သူများလက်ဝယ် အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကူးစက်မှုမရှိစေရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ၊ အသိပညာပေး

သီပေါ စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် လူစည်ကားရာနေရာများ၌ ကိုဗစ်–၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ ယနေ့မှစတင်၍ မြို့နယ်စည်ပင်သာယာရေး ဌာနအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်မှုဖြင့် စည်ပင်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက မြို့မဈေးကြီး၊ ဝက်ဝံပျံကျဈေးမှ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာသူများကို နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်စေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်အကွာအဝေးများအတိုင်း ခင်းကျင်းရောင်းချရန် စစ်ဆေးဆောင်ရွက်ခြင်းနှင့် နှာခေါင်းစည်းများကို စနစ်တကျလုံခြုံစွာတပ်ဆင်ကာ ဈေးရောင်းဈေးဝယ် ပြုလုပ်စေရေးနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ဝစွာ ထိုးနှံရေးတို့ကို လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ထိန်းသိမ်းသင့်သော မြန်မာ့ဝါးတော

ပေါက်ပေါက်

**ကမ္ဘာ့ဝါး အထိမ်းအမှတ်နေ့**

သက်ရှိသတ္တဝါများအားလုံးအတွက် ကမ္ဘာမြေကြီးက လက်ဆောင်ပေးထားသော ဝါးသယံဇာတများကို လေးစား တန်ဖိုးထားတတ်ကြစေရန် ရည်ရွယ်၍ နှစ်တစ်နှစ်၏ စက်တင်ဘာ ၁၈ ရက်ကို World Bamboo Day အဖြစ် တစ်ကမ္ဘာလုံးက အထူးတလည် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်တွင်းရှိ ဝါးစိုက်ပျိုးသူများ၊ ဝါးလုပ်ငန်းရှင်များ၊ ဝါးလက်မှု ပညာရှင်များအပါအဝင် ဝါးချစ်သူများ တစုတဝေးတည်း စုဝေး၍ အသိပညာများ ဖြန့်ဝေရန်နှင့် ဝါးအခြေခံစက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စတုတ္ထအကြိမ်မြောက် ကျင်းပသည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနား ၂၀၁၉ (World Bamboo Day 2019) ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ သို့သော် ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစ၍ ယခုနှစ်မှာလည်း ကူးစက်မြန်ဆန် ကမ္ဘာ့ ကပ်ရောဂါ ကိုဗစ်-၁၉ အန္တရာယ်ကြောင့် လူစုလူဝေး ရှောင်ရှားသည့်အနေဖြင့် World Bamboo Day ကို ကျင်းပနိုင်ခြင်း မပြုနိုင်သေးပါ။

**မြန်မာ့ဝါးပင်**

မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံ ဖြစ်သည်။ သစ်တောဦးစီးဌာန၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၇၅ မျိုး၊




❖ ဝါးပင်ကို ကျန်းမာရေးဆိုင်ရာတွင်သာ အသုံးပြုနိုင်ရုံမျှမက အိမ်တွင်းအသုံးအဆောင်ပစ္စည်းများတွင်လည်း အသုံးပြုနိုင်သည်။ ဝါးပင်မှရသော ဝါးလုံးကို နေရာမျိုးစုံအတွက် အသုံးပြုလေ့ရှိကြသည်။

❖ ထို့ကြောင့် ဝါးပင်သည် လူတို့အတွက် အစာအာဟာရမှ အစပြု၍ ဝင်ငွေရရှိရေး၊ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးအထိ အကျိုးကျေးဇူးရရှိစေသည့် သဘာဝအရင်းအမြစ်ဖြစ်

ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိသည့်အနက် မြန်မာနိုင်ငံတွင် ဝါးမျိုးစု နှစ်မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် အလေ့ကျပေါက်ရောက် ရှင်သန်လျက်ရှိကြောင်း သိရသည်။ ၎င်းတို့အနက် ဝါးပိုးဝါး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးယား၊ သိုက်ဝါး၊ မျက်ဆန်ကျယ်၊ တင်းလယ်မဲ၊ တင်းဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ဝါးဖယောင်း၊ ကြသောင်းဝါး၊ မြင်ဝါး၊ ထီးရိုးဝါး၊ ကြခတ်ဖို၊ ကြခတ်မ၊ ဝါးမင်းနှင့် ခဲလံဝါးတို့မှာ စီးပွားရေးအရ ဈေးကွက်ဝင်သည့် ဝါးအမျိုးအစားများ ဖြစ်ကြသည်။

ဝါးကို အဓိကစိုက်ပျိုးသော ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြံခင်း၊ မြန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိ ကျေးရွာများ စသည်တို့ဖြစ်သည်။ ၎င်းတို့အနက် ကော့မှူးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဝါးယားနှင့် ထီးရိုးဝါးပံ့ပိုးပေးနေသည့် မြို့ဖြစ်သည်။ ငြမ်းစင်သည့် ဝါးများသည် အများအားဖြင့် ဝါးယားများဖြစ်ကြပြီး ထိုဝါးမျိုးသည် ကွေးညွတ်ခြင်းကို ခံနိုင်ရည်ရှိကြသည်။

**ပတ်ဝန်းကျင်အကျိုးပြု ဝါးပင်များ**

ဝါးပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူခြင်း၊ အောက်ဆီဂျင်ဓာတ်ကို ပြန်လည်ထုတ်ပေးခြင်း၊ အစိုဓာတ်ရှိနေချိန်တွင် စုပ်ယူထားရှိပြီး လုံးဝခြောက်သွေ့ချိန်တွင် အစိုဓာတ်များ ပြန်လည်ထုတ်ပေးခြင်း စသည်ဖြင့် ပတ်ဝန်းကျင်ကို အကျိုးပြုသည်။ ထို့ကြောင့် ဝါးပင်များသည် လူ၊ တိရစ္ဆာန်၊ သစ်ပင်များနှင့် သဘာဝတောတောင်များအတွက် အလွန်အရေးပါသော အပင်ဖြစ်သည်။ အမှန်စင်စစ် ဝါးပင်များသည် မြက်ပင်မိသားစုဖြစ်သော်လည်း ထူးခြားဆန်းပြားသော အချက်အလက်များ ရှိနေကြသည်။ ၎င်းတို့မှာ ကမ္ဘာ့ကြီးထွားမှု အမြန်ဆုံးအပင်အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် တစ်မီတာအထိ မြင့်မားနိုင်သည်။ တစ်ရာသီအတွင်းမှာပင် လိုအပ်သည့် အမြင့်ပမာဏကို ရောက်ရှိနိုင်သည်။ လေးနှစ် (သို့မဟုတ်) ငါးနှစ်ကြာပြီးနောက် တစ်နှစ်တစ်ကြိမ် ပုံမှန်ရိတ်သိမ်းနိုင်ပြီး နှစ်ရှည်ခံသည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။

ဝါးပင်များသည် လေထုထဲရှိ မြောက်မြားလှစွာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနိုင်စွမ်းရှိသည်။ ၂ ဒသမ ၄၇၁ ဧက (သို့မဟုတ်) ၁ ဟက်တာကျယ်ပြန့်သော ဝါးပင်စိုက်ခင်းတစ်ခုသည် လေထုထဲတွင် ပျံ့နှံ့နေသည့် ကာဗွန် ၆၂ တန်အထိ နှစ်စဉ်စုပ်ယူနိုင်သည်။ ထူးခြားမှု တစ်ရပ်အနေဖြင့် ဝါးစိုက်ခင်းနှင့် ပမာဏချင်းညီမျှသော တောအုပ်ငယ်တစ်ခုသည် ကာဗွန်ဒိုင်အောက်ဆိုက် ၁၅ တန် ဝန်းကျင်ကိုသာ စုပ်ယူနိုင်သည်။ သို့သော် ဝါးပင်များသည် လေထုထဲက ကာဗွန်ကို စုပ်ယူနိုင်မှုစွမ်းအားသည် အခြားအပင်များထက် လေးဆကျော်ပိုမိုထိရောက်မှုရှိသည်။ အထူးသဖြင့် ဝါးပင်၏အမြစ်ဖွဲ့စည်းမှုသည် ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်ပေးသည်။ စနစ်တကျခုတ်ယူပါက အခြားသစ်ပင်များကဲ့သို့ အသစ်ပြန်စိုက်ရန်မလိုဘဲ ပြန်ပေါက်သည့်အတွက် ပြုန်းတီးရန်ခက်ခဲသည့် အပင်မျိုးဖြစ်သည်။ ဝါးပင်က ရာသီဥတုပူနွေးမှုကို လျှော့ချသည့်နေရာတွင် ကူညီနိုင်စွမ်းရှိသည်။

**ဘက်စုံသုံး ဝါးပင်**

အပူပိုင်းဒေသ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဝါးနှင့်ကင်းလွတ်သော ကျေးလက်ဒေသဟူ၍ မရှိချေ။ ဝါးမျိုးနွယ်ပင်မျှစ်ကို အင်္ဂလိပ်လို Bamboo Shoots (Bamboo Sprouts) ဟုခေါ်ပြီး ရုက္ခဗေဒအရ Bambusa vulgaris, Phyllostachys edulis ဟုခေါ်သည်။ ရက်သတ္တနှစ်ပတ်သား မတိုင်ခင် ဝါးပင်ပေါက် အရွယ်မှာ ချိုးယူ၍ မျှစ်အဖြစ် စားသောက်နိုင်သည်။ မျှစ်ကို ချက်ချင်းလက်ငင်းချိုးပြီး စားသုံးနိုင်သကဲ့သို့ မျှစ်ချဉ် (သို့မဟုတ်) မျှစ်ခြောက်များအဖြစ် တာရှည်ခံအောင်ထား၍လည်း စားသုံးနိုင်သည်။ ဝါးပင်မှ ရသောမျှစ်သည် ရင်ကျပ်၊ ချောင်းဆိုး၊ သလိပ်နိုင်ဆေးအဖြစ် လွန်စွာဆေးဖက်ဝင်သည်။ ထို့ပြင် သွေးထဲရှိ မကောင်းသော LDL ကိုလက်စထရောအဆီများ ကျစေခြင်း၊ နှလုံးကို ပုံမှန်အလုပ်လုပ်စေခြင်း၊ ကိုယ်အလေးချိန် မတက်အောင်ထိန်းသိမ်းပေးခြင်း၊ ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာများကို လျှော့ချပေးခြင်း၊ အမျိုးသမီးများကို သွေးသားသန့်စင်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ ဝါးရွက်တွင် methanol ဓာတ်မြင့်မားစွာပါရှိနေပြီး၊ ဝါးရွက်ပြုတ်ရည်သောက်ခြင်းဖြင့် ဝမ်းဗိုက်အတွင်းရှိ သန်ကောင်များကို သေစေနိုင်သည်။ တရုတ်ရိုးရာကုထုံးအဖြစ် ကိုယ်ဝန်ဆောင်များ ချောမွေ့စွာ မီးဖွားစေနိုင်ရန် ကိုယ်ဝန်ဆောင်၏ နောက်ဆုံးလတွင် မျှစ်ကို စားသုံးစေသည်။

ဝါးပင်ကို ကျန်းမာရေးဆိုင်ရာတွင်သာ အသုံးပြုနိုင်ရုံမျှမက အိမ်တွင်းအသုံးအဆောင်ပစ္စည်းများတွင်လည်း အသုံးပြုနိုင်သည်။ ဝါးပင်မှရသော ဝါးလုံးကို နေရာမျိုးစုံအတွက် အသုံးပြုလေ့ရှိကြသည်။ ဝါးပင်ပေါက်ကို မျှစ်စားစရာအဖြစ် အသုံးဝင်သည့်အပြင် ဝါးပင် နှစ်နှစ်သားခန့်တွင် နှီးဖျာအဖြစ် ရက်လုပ်နိုင်ပြီး ငါးနှစ်သားခန့်တွင် ဝါးလုံး၊ ဝါးကပ်၊ အထပ်သား၊ ထရံ၊ ကုလားထိုင်၊ အိမ်အမိုးအကာ၊ တိုင် စသည်ဖြင့် လူ့အသုံးအဆောင်ပစ္စည်းများအတွက် အသုံးဝင်လှသည်။ မီးဖိုချောင်သုံးပစ္စည်းအချို့ကိုလည်း ဝါးဖြင့်ပြုလုပ်နိုင်သည်။ နိုင်ငံတကာအဆင့်မီ ဖန်တီးထားသည့် အိမ်သုံးပရိဘောဂပစ္စည်းအသုံးအဆောင်များကိုလည်း ဝါးဖြင့် ဖန်တီးပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် ဝါးပင်သည် လူတို့အတွက် အစာအာဟာရမှ အစပြု၍ ဝင်ငွေရရှိရေး၊ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးအထိ အကျိုးကျေးဇူးရရှိစေသည့် သဘာဝအရင်းအမြစ် ဖြစ်သည်။

**သယံဇာတ ဝါး**

၁၉၉၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော သစ်တောဥပဒေအရ ဝါးကို သစ်ပင်အနေဖြင့် ခွဲခြားသတ်မှတ်ထားသည်။ အလားတူ ၁၈၈၁ ခုနှစ် မြန်မာ့သစ်တောဥပဒေ၊ ၁၉၀၂ ခုနှစ် မြန်မာ့သစ်တောဥပဒေနှင့် ၁၉၂၇ ခုနှစ် အိန္ဒိယသစ်တောဥပဒေများတွင်လည်း ဝါးကို သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားသည်။ သို့သော် သိပ္ပံနည်းကျ အပင်မျိုးရိုးဗီဇအရ ဝါးသည် အကြီးမြန်သော မြက်မျိုးနွယ်ပင်ဖြစ်သည်။ မြက်မျိုးရင်းဝင် ဝါးပင်ကို *စာမျက်နှာ ၁၇ သို့*

# ဝိုင်းမော်မြို့နယ် နောင်တာလောရေလယ်ကျွန်း အပန်းဖြေစခန်းသည် ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်ရာနေရာတစ်ခုဖြစ်လာမည်



**မြစ်ကြီးနား စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကဏ္ဍပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသများ၊ အပန်းဖြေနေရာများကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ အပန်းဖြေစခန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအို၊ ခေါင်လန်ဖူး၊ ပန်ဝါကဲ့သို့ ရေခဲတောင်များရှိရာ ဒေသများသို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ခရီးသွားအစီအစဉ်အသစ်များ ဖော်ဆောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ထပ်ဆင့်မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတူးခေါင်က ပြည်နယ်အတွင်း ခရီးသွားအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရေးဆွဲဆောင်ရွက်ထားသည့် အစီအစဉ်များနှင့် မြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဝိုင်းမော်မြို့နယ်အတွင်း နောင်တာလောရေလယ်ကျွန်း သဲသောင်ပြင်ပေါ်တွင် ရေဝတီမြစ်ရေကျချိန်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကမ်းခြေငယ်အပန်းဖြေစခန်းဆောင်ရွက်မည့် အစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြမှုများအပေါ် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် အပန်းဖြေစခန်းများနှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေကို စနစ်တကျကွင်းဆင်းလေ့လာစစ်ဆေးနိုင်ရေး၊ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း မြစ်ဆုံဒေသသည် မေခနှင့်မလိခမြစ်တို့ ပေါင်းဆုံရာနေရာ တစ်ခုဖြစ်ပြီး ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်ရာနေရာတစ်ခုဖြစ်ကာ ယနေ့ အစည်းအဝေး၌ နောင်တာလောရေလည်ကျွန်း သဲသောင်ပြင်ကမ်းခြေငယ် အပန်းဖြေစခန်း အစီအစဉ်တွင် သဲသောင်ပြင်ပေါ်ထွန်းချိန် တဲငယ်များဖြင့် ကမ်းခြေအပန်းဖြေနိုင်ခြင်း၊ ဒေသရိုးရာစားသောက်ဆိုင်များ၊ ရေဝတီမြစ်ကြောင်းတစ်လျှောက် သဘာဝရှုခင်းအလှနှင့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုနိုင်သည့် အစီအစဉ်များ၊ ရေပေါ်စက်ဘီးစီးအစီအစဉ်နှင့် သဲသောင်ပြင်ဘောလုံး၊ ဘော်လီဘောပြိုင်ပွဲများ၊ ကလေးကစားကွင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## မင်းတုန်းမြို့နယ် ကျေးလက်ဦးစီး ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း

**မင်းတုန်း စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းရန်ပုံငွေဖြင့် ဝန်တွင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းနေမှုများကို စက်တင်ဘာ ၁၉ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညို၀င်းအောင်နှင့်ဝန်ထမ်းများက မင်းတုန်းမြို့နယ် ဝန်တွင်းကျေးရွာအုပ်စု ဝန်တွင်းကျေးရွာ၌ Cash For Work စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည် ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို(ကျေးလက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်မွန်နယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ် စောနိုင် ဦးစီးအရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင် အင်အား ၁၂ ဦးဖြင့် စက်တင်ဘာ ၁၈ ရက်က နောင်မွန်ကျေးရွာ ရွာဦးစေတီဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ နောင်မွန်

*စာမျက်နှာ ၁၆ မှ*

ယခုလို သစ်ပင်စာရင်းတွင် ထည့်သွင်းထားရခြင်းမှာ ဝါးသည် ပြန်လည်ဖွံ့ဖြိုးမြဲ သယံဇာတဖြစ်သော်လည်း အပင်မျိုး ပျောက်ကွယ်မသွားစေရန်အတွက် ရေရှည်တည်တံ့မှုကို စဉ်းစားပြီး သစ်ပင်ကဲ့သို့ နှစ်စဉ်ထွက်ရှိနိုင်မည့် ပမာဏထက် မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန်အတွက် သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားခြင်း ဖြစ်ပေသည်။

မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင် သယံဇာတသစ်တောသစ်ပင်များ ရှိကြသည်။ သယံဇာတသစ်ပင်အများစု၏ သဘောသဘာဝအရ ယင်းသယံဇာတကို ရယူရန်အတွက် အချိန်ကြာရှည်စွာ စောင့်ရလေ့ရှိသည်။ တချို့သစ်ပင် သယံဇာတများက ပေါများသော်လည်း အသုံးဝင်မှုနည်းပါးခြင်း (သို့မဟုတ်) အသုံးတစ်ခုအတွက်သာ သင့်လျော်ခြင်းစသည်ဖြင့် ကန့်သတ်ချက်များရှိကြသည်။ ဝါးပင်မှာမူ အချိန်တို သုံးနှစ်၊ လေးနှစ်ဖြင့် သုံးနိုင်သောအဆင့်ရောက်ရှိခြင်း၊ ပေါများစွာပေါက်ရောက်ခြင်း၊ ဘက်စုံအသုံးဝင်ခြင်းတို့နှင့် ပြည့်စုံပေသည်။ သို့သော် ဝါးပင်များအား ဥပဒေအရ အကာအကွယ်ပေးမှုနည်းပါးပြီး စည်းကမ်းမဲ့ဝါးခုတ်ခြင်းကို အရေးယူမှုမရှိခြင်းနှင့် ပြန်လည်စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ဝါးပင်များ ပေါက်ရောက်မှု တဖြည်းဖြည်း နည်းပါးလာသည်။

**စနစ်တကျစိုက်ပျိုးသင့်သော ဝါး**

ပြည်တွင်း၌ ဝါးပင်များသည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် များစွာအသုံးဝင်သောကြောင့် နိုင်ငံတစ်ဝန်းတွင် ဝါးစိုက်ခင်းများကို မူဝါဒချမှတ်ကာ စနစ်တကျ စိုက်ပျိုးသင့်ကြောင်း ပြည်တွင်းမှ စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားကြသည်။ မြန်မာနိုင်ငံတွင် အလှစိုက်ပင်များ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ပြုလုပ်ရောင်းချရာတွင် များစွာအသုံးဝင်သည့် ဝါးပင်များကို ခုတ်ယူသုံးစွဲသူသာများပြားပြီး ပြန်လည်ပြုစုပျိုးထောင် စိုက်ပျိုးရန် တာဝန်မဲ့မှုများကြောင့် လူအများလက်လှမ်းမီရာ တောစပ်နေရာများတွင် ဝါးပင်များနှင့် ဝါးရုံတောများ ရှားပါးလာသည်။ ယခင်က တောစပ်များ၌ပင် ခုတ်ယူနိုင်သော ဝါးများကို ယခုအခါ တောအတွင်းပိုင်းထဲအထိ ဝင်ရောက်ခုတ်ယူနေရခြင်းကြောင့် သယ်ယူစရိတ်များ ပိုမိုကုန်ကျကာ ဝါးဈေးများ မြင့်တက်လာသလို ဝါးအသုံးပြုရသော လူသုံးပစ္စည်းများလည်း ဈေးတက်လာသည်။

ဝါးခုတ်သူများသည် ၎င်းတို့ခုတ်ယူလိုက်သောနေရာများတွင် ဝါးပင်များအား ပြန်လည်အစားထိုးစိုက်ပျိုးလေ့မရှိသလို စိုက်ပျိုးရေးနည်းစနစ်များကိုလည်း သေချာစွာ သိရှိသူနည်းပါးကြောင်း၊ လက်ရှိတွင် ဝါးစိုက်ပျိုးနည်းများကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှနေ၍ သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ဝါးစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီဒေသမှ ကချင်ပြည်နယ်အထိ ဝါးပင်များစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် မူဝါဒချမှတ်ပြီး စနစ်တကျစိုက်ပျိုးပါက အောင်မြင်မှုရရှိနိုင်ကြောင်း၊ ထို့အပြင် အရည်အသွေးကောင်းမွန်သောဝါးကုန်ကြမ်းများကို ပြည်ပနိုင်ငံများမှလည်း ဝယ်ယူလေ့ရှိသဖြင့် အဆင့်မြင့်နည်းပညာများနှင့် အရည်အသွေးမြင့်စေသော ဝါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံခြားသို့ အမြောက်အမြားတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိမှာ ဝါးတောဧရိယာ စုစုပေါင်း ဟက်တာ ၁ ဒသမ ၇ သန်းကျော် ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ နှစ်စဉ် ဝါးထုတ်လုပ်မှုမှာ တောထွက်ဝါးလုံးရေ ၆၃ သန်းကျော် ရှိသည်ဖြစ်ရာ ဝါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကို စနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တိုးပွားစေမည်ဖြစ်သည်။ နိုင်ငံတော်က ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရေးအတွက် စီစဉ်ပေးခြင်း၊ ဝါးထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်မှုဇုန်ဖန်တီးပေးခြင်း၊ ပို့ကုန်အမယ်သစ်အဖြစ် မျှစ်စိုက်ခင်းများ သီးသန့်ဖော်ဆောင်၍ တန်ဖိုးမြင့် မျှစ်စည်သွတ်ဘူးလုပ်ငန်း ထုတ်လုပ်နိုင်ရေးကို အားပေးခြင်းနှင့် အခွန်အခများ လျှော့ပေါ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါက မြန်မာ့ဝါးလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝါးနှင့် ကြိမ်သယံဇာတပေါကြွယ်ဝသော်လည်း ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု အားနည်းနေခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ကုန်ချောတင်ပို့မှုတွင် အဆင့် ၁၆ နေရာ၌သာ ရပ်တည်နိုင်ခြင်းဖြစ်သည်။ တောတောင်၊ ရေမြေမရွေးပေါက်ရောက်သည့် မြန်မာ့ဝါးကို အကျိုးရှိရှိ အသုံးချတတ်ပါက ရွှေကဲ့သို့ တန်ဖိုးမြင့်သည့်အပင်အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါးဖြင့် ပြုလုပ်သည့် ကုန်ချောပစ္စည်းများကို အမျိုးအစားအလိုက်၊ ထုတ်လုပ်မှုအဆင့်အလိုက် ခွဲခြားကာ တစ်ရွာထွက်ကုန်တစ်မျိုး One Village One Product ထုတ်လုပ်နိုင်သည့် ရွာများကို အားပေးမြှင့်တင်ခြင်းဖြင့် ဝါးကုန်ချောထုတ်လုပ်မှုများစွာ တိုးတက်လာမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့ကြီးထွားမှုအမြန်ဆုံးအပင်သည် "ဝါးပင်" ဖြစ်ပြီး "အစိမ်းရောင်ရွှေ" ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ ဝါးပင်သည် မြေဩဇာ၊ မြေဆီလွှာနှင့် မြေထိန်းသီးနှံအဖြစ်လည်းကောင်း၊ ရေအရင်းအမြစ် ထိန်းသိမ်းသီးနှံအဖြစ်လည်းကောင်း သဘာဝအတွက် များစွာအကျိုးပြုသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ ဝါးမျိုးစိတ်များသည် တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသအပါအဝင် ဒေသမရွေး စိုက်ပျိုး ဖြစ်ထွန်းနိုင်သည်။ ဝါးကို ဒေသရိုးရာအဖြစ် အဆောက်အအုံဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း အပါအဝင် လူ့အသုံးဆောင်အမျိုးမျိုး စသည်ဖြင့် အသုံးဝင်ပြီး ထိုလုပ်ငန်းများကြောင့် ကျေးလက်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သည်။ အထူးသဖြင့် ယနေ့ကမ္ဘာ့လူသားများ၏ အသက်ဘေးအန္တရာယ်ကို စိန်ခေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေချိန်တွင် လေထုကို သန့်စင်ပေးနိုင်ပြီး အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်သော ဝါးပင်များကို တစ်ပိုင်တစ်နိုင်အဖြစ် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်းနှင့် ကြီးထွားမှုမြန်ဆန်ပြီး ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည့် သစ်အစားထိုး ဝါး(သစ်) တောများကို များများတိုးချဲ့စိုက်ပျိုး၍ ဝါးသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# ၂၀၂၂ ခုနှစ် စက်တင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၂၃ - ၂၆) ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ (၂၇ - ၃၀) ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ဝေါမြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိ ရေမှတ်များ အောက်ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

# တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**




သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အလုပ်အမှုဆောင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ သင်တန်းသားသင်တန်းသူ တိုင်းရင်းဆေးဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းသော ပထမဆုံးအကြိမ် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး တတိယအကြိမ်အထိ သင်တန်း သုံးကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် ဆေးဝါး၊ ဆီးချို၊ သွေးတိုး၊ အဆစ်ရောင် ဘာသာရပ်များကို တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ငြိမ်း) ပါမောက္ခ ဦးဝင်းစိုး၊ ပါမောက္ခ ဦးဌေးလွင်၊ ဒုတိယပါမောက္ခ ဒေါ်သန္တာခိုင်တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

သင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသားသင်တန်း သူ တိုင်းရင်းဆေးဆရာ ဆရာမ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း**

# ခရမ်းမြို့နယ်၌ အသက် ၈၅ နှစ်အထက် သက်ကြီး ဘိုးဘွားများအား လူမှုရေးပင်စင်များထောက်ပံ့

**ခရမ်း စက်တင်ဘာ ၂၀**

ခရမ်းမြို့နယ်၌ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှ လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရဲက ခရမ်းမြို့နယ်၌ သက်ကြီးဘိုးဘွား ၇၂၃ ဦးရှိပြီး ဒုတိယသုံးလပတ်အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းဖြစ်ကြောင်း၊ သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း သက်ကြီးဘိုးဘွားများထံသို့ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်သွားဖြစ်ကြောင်း ပြောကြားသည်။

ခရမ်းမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) ဒုတိယသုံးလပတ်အတွက် ဘိုးဘွားတစ်ဦးလျှင် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ရာ ခရမ်းမြို့နယ်အတွင်းရှိသက်ကြီးဘိုးဘွား စုစုပေါင်း ၇၂၃ ဦးအတွက် ငွေကျပ် ၂၁၆၉၀၀၀၀ သိန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (ရန်ကုန်) ကွက်ကဲမှုအောက်ရှိ အမှတ် (၃) လမ်းဆုံ၊ ဘောနတ်ကြီး၊ ဘောနီ၊ အုတ်ရှစ်ကုန်းနှင့် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းတို့ရှိ တပ်ဖွဲ့ဝင် ၂၅ ဦး၊ မိသားစု ငါးဦးက ပဲခူးမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပြီး လိုအပ်သည့် ဆေးဝါးပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရန် ငွေကျပ် ၂၅၀၀၀၀ ကို ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာဆွေထံ ပေးအပ်လှူဒါန်းစဉ်။ မြန်မာ့အလင်း



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ် ဦးဆောင်သော တပ်ဖွဲ့ဝင်၊ မိသားစုများက မကွေးမြို့ ပြည်သူ့ဆေးရုံးကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ သတင်းစဉ်



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးတင်လတ် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၉-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကောဝင်ရိုးမှသည်ဗဟုဝင်ရိုးကမ္ဘာကြီးဆီသို့
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၃:၁၀** သီချင်းကြီးပဒေသာ
**၁၃:၃၀** MRTV National News
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၅** ရသစုံအနုပညာတို့ဖြစ်တည်စီးဆင်းရာ
**၁၇:၃၀** မြန်မာ့သနပ်ခါး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** **'၃၀' ဖြာ မဂ်လာ**(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'အရိယသစ္စာနှ ဒသမံ'**
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရန့် လွင့်ပျံ့အမုန်း'** (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၁၅** (၁၇)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ 'ဥဂ္ဂသေနဇာတ်တော်ကြီး' (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး)(ပထမပိုင်း)
**၂၂:၀၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရန့် လွင့်ပျံ့အမုန်း'** (အပိုင်း-၁၉)

**mitv**

**07:02** Evergreen Classic: Dhamma Settkyar (Nan Sandi)
**07:12** Creative Performance by Puppeteers of the People's Republic of China
**07:18** Mote Sein Paung from Intaing Village
**07:28** Discovering Tribes: Da Nu (Their Life and Customs) (Part-2)
**07:48** Myanmar Masterclass: Artist Than Kywe
**08:01** News
**08:28** Bagan: The Land of Pagoda
**08:53** TECH School
**09:01** Pan Tamawt... Stone Carving
**09:29** On the River
**09:51** Charming & Fragrant Sabai
**10:26** Global Partnership for Brighter Future: India Pavilion at Expo 2020 Dubai

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်းဖိုးလက်ရာ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကြက်သားတုံးကြော်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (အပိုင်း-၁)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်နတ်ကနားအက
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မုန့်ဖတ်ထောင်းပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခဲ့ရှုးရိုးရာခေါင်းပေါင်းပေါင်းနည်း
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အာဟာရ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** CORRUPTION INDONESIA
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
**၀၇:၁၅** အထွက်နှုန်းပိုတိုးဖို့စမ်းသပ်စိုက်ပျိုးစို့
**၀၈:၀၀** ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၂၀** ပန်းမျိုးရင်းများစုဆောင်း သစ်ခွမျိုးများအကြောင်း
**၀၉:၄၀** မိရိုးဖလာတောင်သူတစ်ဦးရဲ့တစ်နေ့တာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ပို့ နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လေ့လာရေးအဖွဲ့များ ကြည့်ရှုလေ့လာ



**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်းနှင့် သတင်းရေးသားခြင်းဆိုင်ရာ အမှတ်စဉ်(၁) မှ သင်တန်းသား သင်တန်းသူများနှင့် နေပြည်တော်ရှိ အစိုးရနည်းပညာကောလိပ် AGTI သင်တန်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိကြသည့် လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာနှင့် သုတနည်းပညာ အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် (တပ်ကုန်း) ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သင်တန်းများမှ သင်တန်းသားသင်တန်းသူများနှင့် ကျောင်းသူကျောင်းသားများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့ကြသည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစာတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများအပြင် ပင်မ အဆောက်အဦအတွင်း ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများကို ကြည့်ရှု လေ့လာကြကြောင်းနှင့် သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၇၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၆၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၆၇၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၆၇၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၈၅ ကျပ် | ၂၆၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၇၀ ကျပ် | ၂၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၆၀ ကျပ် | ၂၃၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၀၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၈၂၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၀ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၉ . ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၃၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၉၃ | ၁၇၇၀၉၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၄၁၄၀ | ၁၃၈၃၃၇၅၀ |
| MCB | ၇၉၀၀ | ၇၈၀၀ | ၁၁ | ၈၆၄၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁ | ၂၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၅၀၃၃ | ၁၄၀၉၂၄၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄၀ | ၁၀၈၀၀၀ |
| AHP | ၅၅၀၀ | ၅၅၀၀ | ၁၀ | ၅၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ခြိုးခြံချွေတာ စိတ်ချမ်းသာ

နုခန့်ယဉ် (ရစ်ကန်ကြီး)

**ခြိုးခြံချွေတာခြင်းဟူသည် အိမ်တစ်အိမ်၊ မိသားစုတစ်စုအတွက် အလွန်ပင်အရေးကြီးပါသည်။ လူသားများဟူသည်ကား နေ့စဉ်နှင့်အမျှ ဝမ်းစာရေးအတွက် အဓိကထား၍ ရှာဖွေစားသောက်နေထိုင်ကြရသူများဖြစ်သည်။ လူသားဟူသည် တစ်ဦးတစ်ယောက်တည်းခွဲထွက်၍ နေကြရသည်မှာ နည်းပါးပါသည်။ မိသားစု၊ ဆွေမျိုး၊ ညီအစ်ကို မောင်နှမများနှင့် နေထိုင်ကြရသူများသည် ပို၍ချွေတာကြရပါသည်။ တစ်နေ့တာအတွက် ဝင်ငွေနှင့်ထွက်ငွေသည် ညီမျှရုံနှင့် လုံလောက်နေသည်မဟုတ်ပါ။ လူသားဟူသည် အသွေးအသားနှင့်တည်ဆောက်ထားကြသူများဖြစ်၍ ကျန်းမာရေးအတွက်လည်းကောင်း၊ ခန္ဓာကိုယ် အပန်းဖြေအနားယူရသည့် အားလပ်ရက်များအတွက် ဝင်ငွေမရှိသော နေ့ရက်များအတွက်လည်းကောင်း၊ သံသရာဟူသော လောကုတ္တရာအတွက် ရည်မျှော်၍ အလှူဒါနပြုရန်အတွက်လည်းကောင်း ငွေကြေးကိုတတ်နိုင်သရွေ့ စုဆောင်းထားရပါသည်။ ထို့ကြောင့် ဝင်ငွေထွက်ငွေ ရှိမှုရုံသာမက အနည်းငယ်ပိုလျှံငွေရှိမှသာလျှင် မိသားစုဘဝ စိတ်အေးချမ်းသာကြရမည် ဖြစ်ပါသည်။**




### အလှအပ အဆင်တန်ဆာလျှော့ပါ

အလှအပအဆင်တန်ဆာဟူသည် အမြဲတမ်းတည်မြဲနေသော အရာမဟုတ်ပါ။ ခေတ်ပညာ ဆန်းသစ်မှုနှင့်အတူ တီထွင်ကြံဆနိုင်သမျှ အသစ်အဆန်းများ ဆက်လက်ထွက်ပေါ်နေမည်သာ ဖြစ်သည်။ အလှအပ အဆင်တန်ဆာဟူကတည်းက အလှကြည့်ရန် သက်သက်သာ အသုံးဝင်ပါသည်။ လူ့ဘဝတွင် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်နေသည်မဟုတ်ပါ။ အမြင်တင့်ရန်သာ ပြင်ဆင်၍ ဆင်ယင်ကြရသော အရာဖြစ်သည်။ "မရှိဝမ်းစာ၊ ရှိတန်ဆာ"ဟု ပြောသောအရာတွင် "ရွှေငွေကျောက်မျက်ရတနာ" မှလွဲ၍ အခြားအလှ အဆင်တန်ဆာများသည် အလွယ်တကူ ပြန်လည်ထုခွဲရောင်းချ၍ ရသည့်အရာ မဟုတ်ချေ။ ငွေကြေးရှိသလောက် ဝယ်ယူဆင်ယင်၍ ရသော်လည်း လိုအပ်သည့်အခါ ပြန်လည်ဖော်ထုန်ရန် ခက်ခဲပါသည်။ ရွှေငွေ ကျောက်မျက်ရတနာများသည် "မရှိဝမ်းစာ" ဆိုသော်လည်း တကယ်ပိုလျှံမှသာ ဆင်ယင်ကြခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မည်မျှပင် တန်ဖိုးရှိသော အဆင်တန်ဆာဖြစ်စေ ကာမူ လိုအပ်၍ ပြန်လည်ဖော်ယူသုံးစွဲသည့်အခါ တန်ဖိုးသည် ကျဆင်းနေခြင်းသာဖြစ်သည်ကိုမူ သတိပြုကြရပေမည်။

အဝတ်အစား အလှအပတန်ဆာသည်ပို၍ပင် ချွေတာရပါမည်။ အဝတ်တန်ဆာဟူသည်ကား ခေတ်မီရန် ထွက်ပေါ်လာသမျှ ဒီဇိုင်းကို ဝတ်ဆင်နေကြရမည်မဟုတ်။ မိမိခန္ဓာ လုံခြုံ၍ မြန်မာ့ယဉ်ကျေးမှု ဟန်ရှိရန်သာ လိုအပ်ပါသည်။ အဝတ်အစား ယှဉ်ပြိုင်နေခြင်းသည် အဘယ်အရာမှ တိုးတက်အောင်မြင်လာမည်မဟုတ်။ ဝင်ငွေကို ထိခိုက်သည့်အပြင် လိုအပ်သော၊ သင့်တင့်သော အသုံးစရိတ်ကိုလည်း ထိခိုက်စေသည်။ တခြားသော အောင်မြင်မှုအတွက် ကြိုးပမ်းရာတွင်လည်း အဟန့်အတားဖြစ်စေသည်။ "တောင်းမှာအကွပ်၊ လူမှာအဝတ်" ဟူသည်မှာ အမြဲတမ်းအဝတ်အစားကို ခေတ်မီအောင် ဝတ်ဆင်နေရခြင်းကို ဆိုလိုခြင်း မဟုတ်ပါ။ သင့်လျော်ရာနေရာဒေသနှင့် လိုက်ဖက်သော ဝတ်စားဆင်ယင်မှုသာလျှင် အဓိကလိုအပ်ခြင်းဖြစ်သည်။ ရှေးလူကြီးများ ဆိုဆုံးမသည်ကို မှတ်သားဖူးပါသည်။ အဝတ်အစားဟူသည်ကား အဝတ်ဒီဇိုင်းမထပ်အောင် ဝတ်စားနေကြရန်မလို။ သန့်ရှင်းအောင် လျှော်ဖွပ်၍ သေသပ်စွာ ဝတ်ဆင်ရန်သာ လိုအပ်ပါသည်။ စည်းကမ်းရှိစွာ ဝတ်ဆင်လျှင် အဝတ်အထည်ဟူသည် နှစ်ချီအောင်ဝတ်၍ရသော အဆင်တန်ဆာဖြစ်သဖြင့် လိုအပ်သည်ထက် ပို၍ မဝယ်ယူဘဲ ချွေတာရန်သာ လိုအပ်ပါသည်။

ယခု ခေတ်မီတိုးတက်လာသည်နှင့်အမျှ တခြားသော အလှအပအဆင်တန်ဆာများသည် လူသားတို့ နှစ်သက်ဖွယ် အပြင်အဆင် ဒီဇိုင်းများ၊ လူသားတစ်ယောက်၏ လှပချောမောမှုကို မြတ်နိုးတတ်ခြင်းကို နှစ်သိမ့်နိုင်သော အလှကုန်များဖြင့် လူသားတို့ကို ဆွဲဆောင်နေကြသည်။ လှပချောမောခြင်းဟူသည် မွေးရာပါထက်များစွာ ပို၍ ပြင်ဆင်လိုက်လျှင် မလိုအပ်သော ဆိုးကျိုးများကို ဖြစ်စေသည့်အပြင် မိမိနှင့် ဓာတ်မတည့်သည့်အခါ မူလထက် ပိုရုပ်ရည်ဆိုးသွားတတ်ပါသည်။ ခေတ်မီအလှကုန်များ၏ ဈေးနှုန်းများသည်လည်း "ဝမ်းစာရေး ဈေးနှုန်း" များနှင့် တစ်ပြေးညီခန့် ဖြစ်နေပါသည်။ အလှအပပြင်ဆင်၍ တစ်ခဏတာလှပသည်ထက် ဝမ်းစာအတွက် အကုန်အကျခံပြီး ကျန်းမာနေခြင်းက ပို၍လှပသည်ကို သတိပြုဆင်ခြင်ကြရပေမည်။

### အနေအထိုင်အပြုအမူ ပြောင်းလဲပါ

အနေအထိုင် အပြုအမူ ပြောင်းလဲကြရမည်။ အဘယ်သို့သော နေထိုင်ပြုမူခြင်းနည်း။ လူသားတို့သည် ပင်ပန်းသည်ထက် သက်သာစွာ နေထိုင်ကြရသည်ကို ပို၍နှစ်သက်ကြသည်။ သက်သာစွာနေထိုင်ရခြင်းသည် စည်းစိမ်ရှိသည်ဟု ထင်ရသော်လည်း အမှန်တကယ် အကျိုးမရှိပါ။ ကျန်းမာခြင်းကိုလည်း ထိခိုက်စေပါသည်။ ယခုခေတ်တွင် စက်ဘီးစီးခြင်း၊ ခြေကျင်လျှောက်ခြင်းတို့သည် မြို့ပြမှာသာမက ကျေးလက်များတွင်လည်း ရှားပါးလာကြသည်။ ခေတ်မီလာသည်နှင့်အမျှ အချိန်ကို ချွေတာသင့်သည့် နေရာတွင် မချွေတာဘဲ မချွေတာသင့်သည့် နေရာများတွင်ပါ အချိန်ကို ချွေတာလာသလို ဖြစ်နေသည်။ မြန်မြန်ရောက်လျှင် ပြီးတာပဲဟူသော အတွေးဖြင့် ကိုယ့်အားကိုယ်ကိုးခြင်းကို ရှောင်ဖယ်၍ ဆိုင်ကယ်၊ မော်တော်ယာဉ်တို့ဖြင့်သာ ဘယ်လောက်နီးသော ခရီးဖြစ်စေ၊ ဝေးသော ခရီးဖြစ်စေ သွားလာနေကြသည်။ ကိုယ်လက်လှုပ်ရှားခြင်းအစွမ်းကို မေ့နေကြသလို ကုန်ဆုံးသွားသည့် ငွေကြေးပမာဏကိုလည်း လျစ်လျူရှုနေကြတော့သည်။ သုံးစွဲလိုက်သည့် သဘာဝဓာတ်ငွေ့ အန္တရာယ်ကိုလည်း မသိကြတော့ချေ။ အကယ်၍သာ မိမိတတ်နိုင်သမျှ ငွေကြေးချွေတာ၍ သွားလာမည်ဆိုလျှင် ကျန်းမာခြင်းရလဒ်သာမက သဘာဝဘေးအန္တရာယ်လည်း ကင်းဝေးပေလိမ့်မည်။



တစ်ခါတစ်ရံမှာ လူသားတို့၏ အပြုအမူ အနေအထိုင်တို့သည် လိုအပ်သည်ထက် ပိုလာကြသည်။ ယခုခေတ်မီလာသည့် အချိန်ကာလတွင် မိုဘိုင်းဖုန်း အသုံးပြုခြင်းသည်လည်း လိုအပ်သည်ထက်ပိုသော အနေအထားဖြစ်လာကြသည်။ လိုအပ်သည့်အချိန်တွင်သာ မိုဘိုင်းဖုန်းကို သုံးသည်မဟုတ်။ အချိန်ရှိသရွေ့ မိုဘိုင်းဖုန်းအပေါ် အာရုံစိုက်မှု များပြားနေသည်။ ဘေးအန္တရာယ်လည်း မသိ၊ ကျန်းမာရေးလည်း မသိဘဲ စိတ်ရှိတိုင်း အသုံးပြုနေကြသည်။ သတိမပြုမိသည့်အခါ ဖုန်းဘေများ မလိုအပ်ဘဲ ကုန်ဆုံးကြရသည်။ မိုဘိုင်းဖုန်းသုံးစွဲမှု အပြုအမူကို လျှော့ချလိုက်မည်ဆိုလျှင် အမြင်အာရုံ၊ အကြားအာရုံ ပိုမိုကောင်းမွန်လာမည့်အပြင် ငွေကြေးချွေတာရာရောက်သည်ကိုလည်း သိရှိရန် လိုအပ်ပါသည်။

ရှေးလူကြီးများသည် ကျန်းမာရေးဟူသော အကြောင်းပြချက်ကို လက်ကိုင်ထားလျက် အားလပ်ချိန်မရှိ လှုပ်ရှားလုပ်ကိုင်နေကြသည်။ အဘယ်သို့သော အလုပ်ကို လုပ်ကိုင်ကြရသနည်း။ မိမိအိမ်ခြံဝင်းအတွင်း ပေါင်းသင်မြက်ရှင်းသည်။ ရှိသည့် မြေကွက်လပ်နေရာ၌ ရာသီစာ သီးပင်စားပင် စိုက်ပျိုးကြသည်။ အစားအသောက်ဟူသည် အထွေအထူး ရှာဖွေစားသောက်ကြရသည် မဟုတ်။ စိုက်ပျိုး၍ ရလာသော တစ်ပိုင်တစ်နိုင် အင်အားသည် စားသောက်မှုဝမ်းရေးအတွက် ခွန်အားဖြစ်လာသည်။ ဝမ်းစာရေးအတွက် ငွေကြေးကုန်ကျမှု သက်သာသလို ကျန်းမာရေးအတွက်လည်း အထောက်အကူ ဖြစ်ပေသည်။ ခေတ်မီတိုးတက်လာသည်နှင့် အိမ်ရှင်မဈေးတွင် အလွယ်တကူ ရရှိနိုင်သည်ဟူသော ငွေကုန်ကြေးကျများမည့် အတွေးကို မတွေးဘဲ ကိုယ့်အားကိုယ်ကိုး၍ စိုက်ပျိုးခြင်းဖြင့် ခြိုးခြံချွေတာ ကြရပေမည်။ လတ်ဆတ်သော အသီးအနှံများကို စားသုံးခြင်းဖြင့် ကျန်းမာ၍ စိတ်ချမ်းသာသည့် ဘဝကို ပိုင်ဆိုင်ကြရမည်မှာ မလွဲကေန်ပင် ဖြစ်ပေသည်။

### အစားအသောက် ပုံစံပြောင်းပါ

"အိမ်စီးပွားအတက်အကျ၊ မီးဖိုချောင်က" ဟု ဆိုလျှင် မှားမည်မဟုတ်ပါ။ အစားအသောက်စားနိုင်မှ အားရှိမည်၊ ကျန်းမာမည်ဟု တထစ်ချတွက်ထားကြသည်။ စားချင်တိုင်း စားနေ၍ ကျန်းမာသည် မဟုတ်ပါ။ အာဟာရမျှတအောင် စားမှသာလျှင် ကျန်းမာခြင်းသုခ ရရှိမည်ဖြစ်သည်။ အရသာရှိရှိ စားနိုင်မှ စားကောင်းသည်မဟုတ်။ စားကောင်းအောင် ချက်ပြုတ် စားသောက်ခြင်းသည်သာ "ဝမ်းမီး" ကို ငြိမ်းစေနိုင်ပါသည်။ အသားငါးများကို နေ့စဉ်ချက်ပြုတ်စားသောက်လျှင် အဆီအဆိမ့်များမည်။ ပိုလျှံသော အသားဓာတ်ကြောင့် ကျန်းမာရေးအတွက်လည်း အန္တရာယ်ရှိနိုင်သည်။ အသားငါး ဈေးနှုန်းကြောင့်လည်း ငွေကုန်ကြေးကျ များပေလိမ့်မည်။

အသားငါးတစ်လှည့် ဟင်းသီးဟင်းရွက်တစ်ဖုံ အမျိုးအစုံစုံကို စားချင်စဖွယ် ချက်ပြုတ်စားသောက်ခြင်းသည် အာဟာရညီမျှရုံသာမက ချွေတာရာလည်း ရောက်ပေသည်။ "ဆီကိုလျှော့စားပါ" ဟူသော နှိုးဆော်ချက်ကို အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အစဉ်သတိပေးလျက်ရှိသည်။ အသားငါးဆီပြန်ကို နေ့တိုင်းစားသည်ထက် အချဉ်ရည်ဟင်းတစ်ခွက်ပါအောင် ချက်ပြုတ်စားသောက်ခြင်းသည် "ဝမ်းမီး" ကောင်းစေသည့် ဆေးတစ်ခွက်လည်း ဖြစ်စေပါသည်။ ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် အိမ်ထောင်ရှင်မများသာမက မိသားစုများပါ အနည်းငယ်စိတ်ညစ်ကြရသည် ရှိပါလိမ့်မည်။ သို့သော် "အစကောင်းမှ အနှောင်း သေချာ" ဆိုသကဲ့သို့ ခြိုးခြံချွေတာ ချက်ပြုတ်စားသောက်မှု ပြုလုပ်သူများအတွက် ကုန်ဈေးနှုန်းကို သောကအလွန်ဖြစ်စရာမလိုတော့ချေ။ ထို့ကြောင့် ထွက်ငွေဝင်ငွေလည်း မျှတ၊ ကျန်းမာရေး အာဟာရလည်းဖြစ်အောင် စားသောက်မှုပုံစံကို ပြောင်းလဲကြရန် လိုအပ်ပါသည်။

### ခြိုးခြံချွေတာပါ

မိသားစုတစ်စုတွင် ခြိုးခြံချွေတာခြင်းသည် အလွန်အရေးပါပါသည်။ မိသားစုလုံခြုံမှုကို ရရှိရုံသာမက သာယာချမ်းမြေ့သော မိသားစုဘဝကိုလည်း ပိုင်ဆိုင်ကြရပေမည်။ ဘောဂဗေဒဟူသော စီးပွားရေးနည်းပညာအရဆိုလျှင် "လူတို့၏ လိုအင်ဆန္ဒများသည် အတောမသတ်အောင် များပြားလှသည်။ ထိုလိုအင်ဆန္ဒများကို

*စာမျက်နှာ ၂၁ သို့*

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ ရေနံစိမ်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် (MIP) မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်းတွင် တရားမဝင်ကျွန်း ပရိဘောဂပစ္စည်းများ၊ တရားဟောပလ္လင်များ၊ ဗုဒ္ဓဝင်ရုပ်စုံပန်းပုချပ်များ၊ ဘုရားစင်များ စုစုပေါင်း ၇ ဒသမ ၇၂၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၉၂၉၂)နှင့် အဆိုပါပစ္စည်းများ ထည့်သွင်းသယ်ဆောင်လာသည့် ကုန်သေတ္တာတစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၉၂၉၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

ထို့အတူ စက်တင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာအနီး၌ ဆီဘောက်ဆာတစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဂါလန် ၇၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ဆီဘောက်ဆာတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း၊ မင်းဘူးမြို့နယ် မကျီးချောင်းရပ် မင်းဘူး-စကုသွား ကားလမ်းမဘေးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ရေနံစိမ်း ဂါလန် ၃၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၂၀၀၀၀ )ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့ အလုံရပ်ကွက် သုံးဒေါင့်ချွန်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ lifan အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဒက္ခိဏခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် ဝ ဒသမ ၄၆၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းအပြင် စက်တင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ဖော့ဖိနပ် အစုံ ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို လည်းကောင်း၊ သံလွင်တံတား (ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ပုံး ၁၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါ စားသုံးဆီပုံးများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်စီးနှင့် Dong Feng အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် စစ်တောင်းတံတား၊ ရွှေသံလွင်တိုးဂိတ်အနီးတွင် တရားမဝင် ကျွန်းသစ် ဝ ဒသမ ၆၅၀၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၉၅၂၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၄၆၉၈၄၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



## မရမ်းကုန်းမြို့နယ်၌ အရှည် ရှစ်ပေ၊ လုံးပတ် ၁၀ လက်မရှိ စပါးအုံးမြွေတစ်ကောင်ဖမ်းဆီးရမိ

**မရမ်းကုန်း စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ဆက်သွယ်ရေးတပ်ဝင်းအိမ်ထောင်သည် လိုင်းခန်းတွင် ယနေ့နံနက် ၁၁ နာရီက အရှည်ရှစ်ပေ၊ လုံးပတ် ၁၀ လက်မရှိ စပါးအုံးမြွေတစ်ကောင် ဝင်ရောက်နေကြောင်း သတင်းရ မရမ်းကုန်းမြို့နယ် မီးသတ်စခန်းမှ တာဝန်ရှိသူများ သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ စပါးအုံးမြွေအား နံနက် ၁၁ မိနစ် ၂၀ နာရီတွင် ဖမ်းဆီးရမိပြီး မင်္ဂလာဒုံမြို့နယ် စိတ္တသုခဘုန်းကြီးကျောင်းသို့ သွားရောက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **အေးအေးအောင်(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် ၁၇၂ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော် ကောင်စီနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၇၂ တန်ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၃ ဒသမ ၆၅၀၅ တန်၊ သစ်မာ ၂၅ ဒသမ ၉၇၀၈ တန်၊ အခြားသစ် ၈၃ ဒသမ ၁၃၁၈ တန် စုစုပေါင်း ၁၇၂ ဒသမ ၇၅၃၁ တန်၊ တရားခံ ၂၅ ဦး၊ ယာဉ်/ ယန္တရား ကိုးစီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရ သည်။

**သတင်းစဉ်**



မြန်မာ့လက်ရွေးစင်အသင်း ဟောင်ကောင်၌ လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-MFF

❍ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှစ၍ ပဏာမကစားသမား ၂၅ ဦးဖြင့် စတင်ပြင်ဆင်ခဲ့ပြီး ကစားသမား ၂၁ဦး ရွေးချယ်သွားခြင်းဖြစ်သည်။ ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး** - ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ၊ ထွန်းနန္ဒဦး၊ **နောက်တန်း** - ဒေးဗစ်ထန်၊ ဇော်ရဲထွန်း၊ ကျော်ဇင်လွင်၊ ဟိန်းဇေယျာလင်း၊ ရဲလင်းထက်၊ အောင်ဝဏ္ဏစိုး၊ ရဲမင်းသူ၊ ဝေယံဦး၊ သီဟထက်အောင်၊ **အလယ်တန်း** - ကျော်မင်းဦး၊ အောင်နိုင်ဝင်း၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ လင်းထက်စိုး၊ **ရှေ့တန်း** -ဝင်းနိုင်ထွန်း၊ နိုင်ဇင်ထက်၊ ရာဇာအောင်နှင့် ရန်ကျော်ထွေးတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး နည်းပြချုပ် အန်တွမ်နီဟေးအနေဖြင့် ကစားသမား ၂၁ ဦး ခေါ်ဆောင်သွားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင် လက်ရွေးစင်အသင်းတို့သည် ဟောင်ကောင်၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမပွဲကို ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် ကစားမည့် ဒုတိယပွဲကိုမူ ပရိသတ်များ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

*စာမျက်နှာ ၂၀ မှ*

ဖြည့်ဆည်းရန်အတွက် အင်အားစုများသည် အကန့်အသတ်ဖြင့်သာ ရရှိနိုင်ပါသည်။ ထိုကန့်သတ်ဘောင်အတွင်းတွင် လိုအင်ဆန္ဒအများဆုံးကို ဖြည့်ဆည်းပေးနိုင်သည့် အကောင်းဆုံး နည်းလမ်းများဖြင့်သာ ရွေးချယ်မှု ပြုကြရမည်ဖြစ်သည်”ဟူ၍ဖြစ်သည်။ အသင့်လျော်ဆုံးသော အသုံးအဆောင်၊ အသင့်လျော်ဆုံးသော ကျန်းမာရေးအရ နေထိုင်မှု၊ အသင့်လျော်ဆုံးသော မှန်ကန်သည့် ရွေးချယ်သုံးစွဲမှုတို့သည် ခြိုးခြံချွေတာခြင်းအတွက် အကောင်းဆုံး နည်းလမ်းများပင် ဖြစ်ပေသည်။

မိသားစုတိုင်းမှာ ဝင်ငွေအသင့်အတင့် ရှိကြပေလိမ့်မည်။ နေ့စဉ်ပုံမှန် ဝင်ငွေကွာခြားမှု ရှိနိုင်ပါသည်။ သို့သော်ခွဲဝေသုံးစွဲမှုပုံစံသည် အိမ်ထောင်စုတိုင်း၊ လူသားတိုင်းအတွက် တူညီစွာဆောင်ရွက်နိုင်သော နည်းလမ်းကောင်းရှိပါသည်။ တစ်နေ့တာ မိသားစုဝင်ငွေကို လေးပုံ ပုံပါ။ တစ်ပုံကို ဝမ်းစာ၊ တစ်ပုံကို လိုအပ်လျှင် အပိုသုံးငွေ၊ တစ်ပုံကို အလှူဒါန၊ တစ်ပုံကို ကျန်းမာရေးဟူ၍ ခွဲခြားစုဆောင်းကြရမည်။ ထိုလေးပုံ ပုံစံတွင် ဝမ်းစာမှလွဲ၍ ကျန်သုံးပုံကို လိုသလို ခွဲဝေအသုံးချနိုင်ပေသည်။ အစပိုင်းတွင် ခက်ခဲသလို ရှိပါလိမ့်မည်။ သို့သော် နေ့စဉ်ပုံမှန်ဖြစ်လာသည့်အခါ ငွေကြေးလည်ပတ်မှုသည် အဆင်ပြေလာပါလိမ့်မည်။ မိသားစုဝင်တိုင်းလည်း သဘောပေါက် နားလည်ရန် လိုအပ်ပါသည်။ သို့မှသာ ပစ္စုပ္ပန်၊ အနာဂတ်၊ သံသရာ ဟူသော ခရီးတွင် သာယာပျော်ရွှင်ခြင်းတွေ ခံစားရရှိနိုင်ပါလိမ့်မည်။

စိတ်ဟူသည်ကား လူသားတို့၏ တန်ခိုးရှင်ဖြစ်သည်။ ထိုတန်ခိုးရှင်ဟူသည့်အရာသည် ညစ်ညူးနေခဲ့လျှင် မည်သည့်အရာမှ ဆောင်ရွက်ရန် အဆင်မပြေနိုင်ပေ။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ခေတ်နှင့်အညီ နေထိုင်နိုင်ရန် ခေတ်ရှေ့ပြေးအောင် သုံးစွဲရန် မသင့်လျော်ချေ။ ခေတ်နှင့်အညီအမျှ နေထိုင်နိုင်ရန် သင့်တင့်စွာ သုံးစွဲချွေတာကြရပေမည်။ စိတ်အပူသောကမရှိလျှင် ချမ်းသာခြင်းသုခရရှိမည်။ ချမ်းသာခြင်းသုခ ရရှိလျှင် ကျန်းမာပေမည်။ ကျန်းမာလျှင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ပေမည်။ ထိုအခါ မိသားစုစိတ်ချမ်းသာရပေမည်။ မိသားစုတိုင်း စိတ်ချမ်းသာ၍ အလုပ်လုပ်နိုင်လျှင် တိုင်းပြည်သည်လည်း အေးချမ်းသာယာမည်။ တိုးတက်မည်။ ချမ်းသာလာပေလိမ့်မည်။ ထို့ကြောင့် “ခြိုးခြံချွေတာ စိတ်ချမ်းသာ” ဆိုသည့် နည်းလမ်းမှသည် “ခြိုးခြံချွေတာ ပြည်ချမ်းသာ” ဟူသော ဆောင်ပုဒ်အထိ အောင်မြင်ရန် မိသားစုတိုင်း၊ လူသားတိုင်း ခြိုးခြံချွေတာ သုံးစွဲကြပါဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

